
mgyoe.com SAMPLE BOOK



# ဇော်ဇော်အောင်
# ဟယ်လင်နာရဲ့ကိုကို

စိုးအောင်၊ မြတ်သစ်

ဒုတိယအကြိမ်

mgyoe.com SAMPLE BOOK



# ကျော်ကျော်အောင်

## ဆယ်ယင်နှာရဲ့ကို

စိုးအောင် ဖြတ်သင်

ISBN 9789997137296
ZZA28
9 789997 137296
MMK 8,000.00

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# ဟယ်လင်နာရဲ့ကိုကို

ဇော်ဇော်အောင်




ဒုတိယအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

ဟယ်လင်နာရဲ့ကိုကို၊ ဇော်ဇော်အောင်
စာမျက်နှာ ၂၁၀ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

အားကောင်းသောစက်များ တစ်ချက်နှိုးလိုက်သည်နှင့် သင်္ဘောကြီး၏ သံကိုယ်ထည်တစ်ခုလုံး တုန်ခါသွားသည် ထင်ရ၏။

ဆူဆူညံညံရှိလွန်းသော လူသံသူသံတွေကြားထဲက စက်အရှိန်ပြောင်းသံ အချက်ပေးခေါင်းလောင်းသံကို ကြားလိုက်ရသည်။ သင်္ဘောသည် ဆိပ်ခံမှ ခွာစပြုပြီး ဝိစီသံ စူးစူးဝါးဝါးတစ်ချက် ကြားလိုက်ရပြန်၏။

ကျဉ်းမြောင်းသော အိပ်စင်ပေါ်မှာ ပက်လက်လှန်၍ ငြိမ်သက်စွာနေ၏။ သူ့အရပ်နှင့် ကောင်းကောင်းမလွတ်။ ဖော်မိုက်ကာ အဝါနုရောင် အိပ်ခန်းနံရံကို ခြေကန်လျက်ရှိနေ၏။

မျက်စိကို မှိတ်ထားသည်။ သင်္ဘောဦး ကွေ့လှည့်နေသည်ကို မျက်စိမှိတ်ထားလျက်မှာပင် ခံစားသိရှိနေ၏။

အမျိုးအစားမတူသော စက်သံတစ်သံ ကြားရသည်။ သင်္ဘောကြီး ကွေ့နေစဉ်မှာပင် အခြားသင်္ဘောတစ်စင်း ကပ်၍ ခုတ်မောင်းသွားဟန်တူ၏။ စက်အရှိန် သိသိသာသာ မြင့်လာသည်။ ဥသြတစ်ချက်ဆွဲ၏။ ခဏကြာနားပြီး ဥသြတစ်ချက်ဆွဲ၏။

ရန်ကုန် မြစ်ဝကျွန်းပေါ် သင်္ဘောကြီး 'ဗညားရံ' သည် ရန်ကုန်ဆိပ်ကမ်းမှ ခွာလာပြီ။

စိုးအောင် အိပ်စင်ပေါ်မှာ လှဲနေရာက ရုတ်တရက်ထသည်။ အိပ်စင်၏ လှော်ကာအံဆွဲကို ဆွဲဖွင့်သည်။ အတွင်းက သားရေအညိုနု ဆမ်ဆိုနိုက် အတက်ချိ အိတ်ပြားကို ထုတ်ယူသည်၊ ဖွင့်၏။ အတွင်းက တောင်ဆိတ်ရေဖြင့် ချုပ်ထားသော

mgyoe.com

mgyoe.com SAMPLE BOOK

ရှမ်း... သေနတ်အိတ်တွင်းမှ ပွိုင့် ၃၈ စပယ်ရှယ် ပြောင်းတိုသေနတ်ကို ထုတ်၏။

လူနှင့် လက်နက် ဘယ်အခါမှ မကွာရ။ သည်ဥပဒေသကို သူ အမြဲလိုက်နာသည်။

ချည်ချောအညိုကွက်စိပ် ပုဆိုးကို တင်းတင်းပြင်ဝတ်၏။ သေနတ်ကို ခါးကြားတွင်ထိုးသည်။ အပေါ်က ရှပ်အင်္ကျီဖြင့် ဖုံးလိုက်သည်။ အခန်းပေါက် ခြင်လုံသံဆန်ခါကွက်ကြားမှ ရွှေတိဂုံစေတီတော်ကြီး ခပ်ဝေးဝေး ကျန်ရစ်ခဲ့သည်ကို မြင်လိုက်ရ၏။ လက်ဆွဲအိတ်ပြားကို လော့ကာတွင် ပြန်သွင်း၍ အခန်းပြင်ထွက်ခဲ့သည်။

သူ့အခန်းက အခန်းအမှတ် ဃ/ ဒီ။

ဗညားရံသင်္ဘောကြီး၏ ဦးပိုင်းတွင် အိပ်ခန်းသုံးခန်းစီ ယှဉ်လျက် အားလုံးခြောက်ခန်းပါသည်။ အခန်းအမှတ် အေ၊ စီနှင့် အီးတို့သည် လက်ဝဲဘက်တွင်ရှိ၍ အခန်းအမှတ် ဘီနှင့် အက်ဖ်တို့သည် လက်ယာဘက်တွင် ရှိကြသည်။ ထိုအိပ်ခန်းခြောက်ခန်းတွဲ၏ရှေ့တွင် သင်္ဘောဦးပိုင်း ခန်းမဆောင် ဆလွန်းခန်းရှိသည်။

စိုးအောင် မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

အိပ်ခန်းတွဲ ခြောက်ခန်းနှင့် နောက်ပိုင်းမှာရှိသော ရေချိုးခန်း၊ အိမ်သာခန်း၊ အခန်းစောင့် သင်္ဘောသား လုလင်များ၏ အခန်းတို့ကြားတွင် လမ်းမြောင်လေးရှိ၏။ ထိုလမ်းမြောင်လေးအဆုံး လက်ဝဲဘက်တွင် လှေကားရှိသည်။

သင်္ဘောလက်ရန်း သံတိုင်များကိုကိုင်၍ အောက်သို့ လှမ်းငုံ့ကြည့်သည်။ ဝမ်းပြားပြား သင်္ဘောကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် လှိုင်းဂယက် ရေကြောင်းများ ဖွေးဖွေးလှုပ်နေ၏။ ဝမ်းပြားအောက်မှ ဇရာအချွန်က ရေပြင်ကိုခွဲ၍ သွားရာတွင် ရေမြှုပ်များ ရေပန်းများ ထလျက်ရှိသည်။

အခန်းဆီး ပဝါကို လက်ဖြင့်ဖယ်၍ ခေါင်းငုံ့ကာ ဆလွန်းခန်းတွင်းသို့ ဝင်လိုက်သည်။

လူတစ်ယောက်မှမရှိ။ ဖော်မိုက်ကာ ပန်းနုရောင် ဖျော့ဖျော့ကပ်ထားသော စားပွဲကြီးနှစ်လုံး ယှဉ်ခင်းထား၏။ ဆိုဖာအနက်နှင့် နံရံကပ် ထိုင်ခုံရှည်များရှိ၏။ စားပွဲပတ်လည်တွင် နောက်မှီတစ်ဝက်ပါသော ကုလားထိုင်များ စီချထား၏။

လက်ယာဘက် ဝင်ပေါက်နှင့် အနီးဆုံး ဆိုဖာတွင် စိုးအောင် ထိုင်၏။ နာရီကို မသိမသာကြည့်၏။ လူရှေ့သူရှေ့မှာ နာရီကို မကြာခဏကြည့်သော အလေ့အထမျိုးကို သူ ရှောင်လေ့ရှိသည်။ ထိုအကျင့်က ပါနေပြီဖြစ်၍ အနီးအပါးတွင် လူမရှိစေကာမူ

mgyoe.com

mgyoe.com SAMPLE BOOK

နာရီကို မသိမသာ ကြည့်မိ၏။ သဘော်က နှစ်နာရီတိတိတွင် ဆိပ်ခံမှခွာ၏။ နှစ်နာရီဆယ်မိနစ်ရှိဖို့ စက္ကန့် ၂၀ သာ လိုတော့သည်။ သူစောင့်နေသူ မလာသေး၍ စိုးအောင် မျက်မှောင်ကုတ်လိုက်မိသည်။ ထိုစဉ်မှာပင် သူစောင့်နေသူ ပေါ်လာ၏။

သဘော်ဝန်ထမ်းဝတ်စုံဖြစ်သော နက်ပြာရင့်ဘောင်းဘီ၊ အင်္ကျီအဖြူလက်တိုနှင့် ရင်ဘတ်ပေါ်တွင် ဗညားရုံသဘော်၏ အမှတ်တံဆိပ် တပ်ထား၏။ ကက်ဦးထုပ်အပြာကို ဆောင်းထား၏။

ဆလွန်းခန်း အဝင်တံခါးပေါက်မှာ အနည်းငယ်နိမ့်၏။ တံခါးပေါက် ခြေကျော်ကို လှမ်း၍ ဝင်လိုက်သည်တွင် ဒုန်းခနဲ ခေါင်းနှင့် ဝင်တိုက်၍ ပါးစပ်က အဆဲတစ်လုံး ထွက်သွားသည်။

စိုးအောင် ပြုံးလိုက်မိသည်။

"မင်းက ဘာပြုံးရတာလဲ၊ ချီး ခေါင်းကို ပူသွားတာပဲ"

"အဘ... ခင်ဗျားအရပ်နဲ့ ဒီတံခါးပေါက် အပေါ်တန်းကို ဘယ်လိုလုပ် တိုက်မိသလဲ စဉ်းစားမိလို့ ပြုံးတာပါ၊ ခင်ဗျား လမ်းသွားရင် ခြေဖျားထောက်သွားတယ် ထင်တယ်"

စိုးအောင် ထိုသို့ ပြောလည်း ပြောစရာ။ ဝင်လာသူမှာ အရပ်ငါးပေမျှသာ ရှိသော လူဖလံကလေးဖြစ်၏။ ကျွဲကော်ကိုင်း မျက်မှန်ထူထူနှင့် ပါးစပ်ထဲမှာ ကွမ်းယာ အပြည့်နှင့်။

"ငါ့ဘာသာငါ ဘယ်လိုလမ်းလျှောက်လျှောက်၊ ကဲပါ... ဘာသုံးဆောင်တော်မူမလဲ၊ ပြောတော်မူပါ"

"ဩော်... ခင်ဗျားက ဘာတုံး... ဘာဖြစ်လာရပြန်ပြီလဲ"

"ငါလား... ငါက ဒီသဘော်ရဲ့ အထက်တန်း အိပ်ခန်းတွေရဲ့ ဘာဆိုလားကွာ၊ ကေဘင်အတင်းဒင့်ဆိုလား ဘာဆိုလား"

စိုးအောင်က အဘဟုခေါ်သော သဘော်သားဝတ်စုံနှင့် လူပုပုသည် ဘောင်းဘီနောက်အိတ်တွင်းမှ စာရေးပက်ကို ဆွဲထုတ်၍ ဘောပင်တစ်ချောင်းနှင့် စိုးအောင်မှာကြားသည်ကို မှတ်ရန်ပြင်နေ၏။

"ညနေစာအဖြစ် မင်း ဘာစားမလဲ၊ ကြိုတင်ဘွတ်ကင် လုပ်ထားရအောင်၊ စိန်နဲ့ သံပရာစားမလား၊ ဘဲဥနဲ့ ဖရဲသီး စားမလား၊ ဒါမှမဟုတ် ရေခဲချောင်းနဲ့ စိမ်းစားဥ..."

mgyoe.com

mgyoe.com SAMPLE BOOK


"တော်စမ်းပါဗျာ..."

စိုးအောင်က အဘဆိုသူ၏ ဝမ်းဗိုက်ကို လက်သီးနှင့် အသာလှမ်းထိုးလိုက်၏။ အဘ စိုးအောင်ဘေး လာထိုင်သည်။

"ကဲ... ပြော မောင်မင်းကြီးသား"

ရယ်ရယ်မောမောဖြစ်နေခဲ့သော စိုးအောင်မျက်နှာ တည်တည်ဖြစ်၍သွား၏။

"တစ်အချက်က ကြားရပ်မယ့် ဆိပ်ကမ်းတွေမှာ လူ လုံးဝမတက်ပါစေနဲ့၊ မအူပင်၊ ဝါးခယ်မ၊ မြောင်းမြ၊ ဘယ်ကမှ မတက်ပါစေနဲ့...၊ မတက်ပါစေနဲ့ဆိုတာ၊ ဒီဆလွန်းခန်းနဲ့ အိပ်ခန်းကို ပြောတာ"

"အင်း... ဟုတ်ပြီ"

"နှစ်အချက်က အတက်ကို မြင်သာတဲ့ ဟိုလမ်းကြားက လူတစ်ယောက်ကို စောင့်ပါ။ မယောင်မလည်နဲ့ တက်လာတဲ့လူတွေ ရှိတတ်တယ်"

"အင်း... ဟုတ်ပြီ"

"အထူးသဖြင့် ကြားဆိပ်ကမ်းတွေ ကပ်တဲ့အခါ လူလာကြိုတဲ့ လူတွေ၊ လူလာရှာတဲ့သူတွေ တက်တက်လာတတ်တယ်"

"စိတ်ချ... ပြီးတော့ကော"

"ဟိုဘက်အိပ်ခန်းတွေမှာ ဧည့်သည်တွေ ပါလာတယ်။ သူတို့ရဲ့ လုံခြုံမှုအတွက် အထူးဂရုစိုက်ရမယ်"

"အင်း... ပြီးတော့ကော"

"ပြီးတော့... ပြီးတော့ဆိုလို့ နေစမ်းပါဦး၊ အစားအသောက်ကို ခင်ဗျား တာဝန်ယူပေးရမှာလား"

"အေးပေါ့ကွ"

"တလွဲတွေချည်း လျှောက်လုပ်မနေနဲ့နော်၊ ဧည့်သည်တွေ ပါတယ်ဗျ"

"ငါသိပါတယ်ကွာ"

"သိရင်လည်း ပြီးရော"

"ရေခဲများများ လုပ်ထားနော်"

"အေးပါကွာ... ငါသိပါတယ်"

"ခင်ဗျားသိတာချည်းပဲ၊ လုပ်လိုက်ရင် အလွဲလွဲ အချော်ချော် လုပ်တတ်လွန်းလို့၊ စိတ်မချဘူး"

mgyoe.com

"ကြိုးကျယ်လိုက်တာ စိုးအောင်ရာ"

ဘောပင်ကို အိတ်ဆောင်မှာ ပြန်ထည့်၏။ စာရေးပက်ကို ဘောင်းဘီနောက်အိတ်တွင် ထိုးထည့်၏။

"ခင်ဗျားနဲ့အတူ ဘယ်သူပါသေးလဲ၊ ဘယ်သူတာဝန်ကျသလဲ"

"ဟိုကောင်ရယ်၊ ပြီးတော့ ဟိုကောင်ကွာ၊ နောက် ဟိုကောင်ကွာ"

"တော်ပါတော့ အဘရယ်၊ ရှင်းပါပေတယ်၊ ဆက်မပြောပါနဲ့တော့။ ရေနွေးကြမ်း လက်ဖက်ခြောက်ကောင်းကောင်းနဲ့ တစ်အိုးပို့ပေးပါ"

အဘခေါ်သော လူဖလံလေးသည် ညာဘက်ပါးစောင်မှ ကွမ်းယာကို ဘယ်ဘက်ပါးစောင်သို့ ပြောင်း၍ နှုတ်ခမ်း စူပွစူပွလုပ်ကာ ထွက်သွား၏။

ပြတင်းပေါက်မှ လိုက်ကာစကို ဆွဲဖယ်၍ စိုးအောင် အပြင်သို့ လှမ်းမျှော်ကြည့်နေ၏။

တွံတေးတူးမြောင်းအတွင်းမှ ရေယာဉ်အမှတ်အသားပြ တိုင်များကို ကြည့်၍ တစ်စုံတစ်ရာ အလေးအနက် တွေးနေသည်။

သဘော်စက်သံ၏ နရီ စည်းချက်ကို နားထောင်၍ တစ်စုံတစ်ရာကို အလေးအနက် တွေးနေ၏။

*

ဦးပိုင်း ဆလွန်းခန်းမဆောင်အတွင်းမှာ စိုးအောင် တစ်ယောက်တည်း ထိုင်နေသည်မှာ ၁၅ မိနစ်ခန့်ကြာ၏။

သူထိုင်နေသည်မှာ ညာဘက်ဝင်ပေါက်အနီးရှိ ဆိုဖာပေါ်တွင်ဖြစ်၏။ ၁၅ မိနစ်ခန့် ကြာသွားသောအခါ ဘယ်ဘက်ဝင်ပေါက်မှ လူတစ်ယောက် ဝင်လာသည်။

ဆံပင်နီနီ၊ နှုတ်ခမ်းမွေးနီနီနှင့် အသက် ၄၀ ခန့် ခန္ဓာကိုယ် တုတ်ခိုင်သော လူတစ်ဦး ရွှေကိုင်းနှင့်။ ရေဘင် မျက်မှန်အပြာ တပ်ထားသည်။

"ဟဲလို…"

"ဟဲလို… မစ္စတာစိုး"

ထိုင်ရာကထ၍ စိုးအောင် လက်ဆန့်တန်းပေး၏။ လှိုက်လှိုက်လှဲလှဲ အမူအရာဖြင့် လက်ဆွဲနှုတ်ဆက်ကြ၏။

mgyoe.com

စားပွဲတွင် ကုလားထိုင်ချင်း ယှဉ်၍ ဝင်ထိုင်သည်။

ဆံပင်နီနီ၊ နှုတ်ခမ်းမွေးနီနီနှင့်လူက စီးကရက်တစ်ဘူးကို ထုတ်၍ စိုးအောင်အား တည်သည်။

အလိပ် ၂၀ ဝင်ဘူး အပြာရောင်၊ ကနေသော ဂျစ်ပစီမ အရုပ်ပါသည်။ နာမည်ကျော် ပြင်သစ်စီးကရက်ဖြစ်သည်။ စိုးအောင် ပြုံး၍ ယဉ်ကျေးသိမ်မွေ့သော ဟန်ပန်ဖြင့် ခေါင်းယမ်းပြသည်။ သူ့ရှပ်အင်္ကျီအိတ်ဖိုးကို လှန်၍ ဘာတံဆိပ် အမှတ်အသားမျှ မပါသော အဖြူရောင် စီးကရက်ဘူးကို ထုတ်၏။

"ကျွန်တော် နိုင်ငံခြားစီးကရက်ကို သောက်လေ့သောက်ထမရှိလို့ ခွင့်လွှတ်ပါ မစ္စတာ၊ အဲ… မစ္စတာ"

စိုးအောင် စကားရပ်၍သွား၏။ ထို့နောက် ရယ်မော၍ စကားဆက်ပြော၏။

"ခင်ဗျားမှာ နာမည် ခုနစ်ခု၊ ရှစ်ခုလောက်ရှိတာ ဘယ်နာမည်ခေါ်ရမှာလဲ"

"ငါ့ကို ယူရီလို့ပဲ ခေါ်ပါကွာ"

ဆံပင်နီနီကြီးက ရယ်၍ပြောသည်။

"အဲ… မစ္စတာယူရီ၊ မြန်မာပြည်ဖြစ် စီးကရက်ကိုပဲ ကျွန်တော် ကြိုက်ပါတယ်၊ ခွင့်လွှတ်ပါ"

"အိုကေ… မင့်သဘောပါပဲ"

စိုးအောင်က သူ့မီးခြစ်ပြားကလေးဖြင့် မီးညှိ၏။ မီးခိုးငွေ့ကြားမှ ယူရီဆိုသူ ဆံပင်နီကြီးကို ကြည့်နေ၏။ ဆံပင်နီသည် သူ့စီးကရက်ကို မီးညှိ၍ ဖွာရှိုက်လိုက်၏။

"အစီအစဉ်က ဘာလဲ စိုးအောင်"

"ပုသိမ်ကို အလည်အပတ်သွားတဲ့ ကမ္ဘာလှည့်ခရီးသည်ကို ဘေးရန်ရှင်းအောင် လိုက်စောင့်ရှောက်ရတဲ့ အစီအစဉ်ဟာ ကျွန်တော့်အစီအစဉ်ပါပဲ။ ကျွန်တော်ဟာ အခု ခရီးသွားလာရေး အဖွဲ့အစည်းကြီးရဲ့ လမ်းပြနဲ့ စကားပြန်အလုပ်ကို လုပ်နေပါတယ်"

"အခုလို ဧည့်ဝတ်ကျေပွန်တာ ကျေးဇူးတင်ပါတယ် မောင်စိုးအောင်"

ဆံပင်နီကြီး၏ လေသံမှာ တမင်လုပ်၍ လျောင်ပြောင်သောလေသံ ဖြစ်ရုံမျှမက လေယူလေသိမ်းမှာလည်း ပီသလှ၏။ လန်ဒန်တက္ကသိုလ်ကြီး၏ အရှေ့တိုင်းကျောင်းတော်မှာ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာဘာသာစကားကို သင်ကြားတတ်မြောက်ခဲ့သည်ဟု စိုးအောင် မှတ်တမ်းထဲတွင် ဖတ်ဖူး၏။

ထိုစဉ် သင်္ဘောသားဝတ်စုံကို ကိုးရိုးကားရား ဝတ်ထားသော အဘဆိုသူ

 c o m SAMPLE BOOK


ဝင်လာ၏။ စိုးအောင်၏ အနီးတွင် ရှိရှိသေသေဟန်ဖြင့် ရပ်၏။

"ဘာသုံးဆောင်မလဲ... ခင်ဗျာ"

"ဩော်... အဘ မန္တလေး အရိုးတောင်း လက်ဖက်သုပ် ငရုတ်သီးစပ်စပ် တစ်ပွဲ လုပ်ပေးပါ"

"မင်းစားမှာလား၊ ဟို ဆံပင်နီနီနဲ့ ပြိတ္တာကြီးကကော၊ ဘာစားမှာလဲ"

စိုးအောင်က ရယ်သည်၊ ဆံပင်နီကြီးက ရယ်သည်။ ဆံပင်နီကြီးကပါ ရောရ၍ ရယ်မောနေ၏။ မျက်မှန်ထူကြီးနောက်မှ မျက်လုံးပုတ်ခတ် ပုတ်ခတ် လုပ်နေ၏။

"အဲ... စိုးအောင်၊ ဒါ မင်းလူလား၊ ပြောလိုက်ပါကွာ လက်ဖက်သုပ်ဆိုရင် ဒီက ပြိတ္တာကြီးလည်း ကြိုက်ပါတယ်လို့..."

အဘ၊ ကွမ်းအစားရပ်သွား၏၊ ပါးစပ်ဟသွား၏။

"အဘ ခင်ဗျားရဲ့ အခြေခံအမှားပဲ။ တစ်ဖက်သား လူစိမ်းဟာ မြန်မာစကား တတ်ချင်တတ်နေမယ်ဆိုတာ ခင်ဗျား တွေးဖို့ကောင်းတယ်။ မစ္စတာ ယူရီဟာ ပရိုဂ်ကြီး ၁၁ သုတ်တောင် အလွတ်ရနေတဲ့သူဗျ..."

အဘသည် ကွမ်းချေး(ကြေး)တက်နေ၍ မည်းနက်သောသွားများ ပေါ်အောင် ရယ်၍... တောင်းပန်လိုက်၏။

"ဆောရီးပါပဲဗျာ..."

ပြန်ထွက်သွား၏။ ခဏကြာသော် ဗညားရုံသဘော်တံဆိပ်ပါသော ပန်းကန်ပြားထဲမှာ လက်ဖက်သုပ်တွေအမောက် ထည့်ယူလာ၏။

ဆံပင်နီကြီးသည် ငရုတ်သီးစိမ်း ထိသွား၍ တရှူးရှူး တရှဲရှဲဖြစ်နေသည်။ စိုးအောင်က ငရုတ်သီးစိမ်းများကို အသေအချာ ရွေးဖယ်၍ စား၏။

"စိုးအောင်... တို့ ဘယ်အချိန်ရောက်မလဲ..."

"မနက်ဖြန် မနက် ၈ နာရီ..."

"ဒီထက်ပိုမစောဘူးလားကွ..."

"စောဖို့တော့ ရပါတယ်။ ဒါပေမဲ့ မြစ်ကြောင်းတစ်လျှောက် ငါးဖမ်းပိုက်တွေ၊ ငါးဖမ်းလှေတွေ အများကြီးရှိလို့ ဂရုစိုက်ပြီး ဖြည်းဖြည်းမောင်းရတယ်"

"ငါတို့ကိစ္စအတွက် ငါ စိုးရိမ်တယ်"

"စိုးရိမ်တာတွေဟာ အေးဂျင့်ကောင်းတို့ရဲ့ လက္ခဏာမဟုတ်ဘူး"

"ငါက ကျွမ်းကျင်သူ ပညာရှင်ပဲကွ၊ မင်းလို အေးဂျင့်မှမဟုတ်ဘဲနဲ့"

...gyoe.com

mgyoe.com SAMPLE BOOK

"ထားပါတော့လေ၊ ငါတို့ကတော့ မင်းရဲ့အစီအစဉ်အတိုင်း လိုက်နာရမှာပဲ..."

"ခင်ဗျားအဖော်တွေ ဘယ်အချိန် ညစာစားမှာလဲ၊ စိတ်ကူးထားပြီးပြီလား။ ညစာမစားခင် တစ်ခုခုစားဖို့တော့ စိတ်ကူးရှိသလား..."။

"သူတို့ လုပ်စရာရှလေးတွေ လုပ်နေကြတယ်။ မကြာခင် အခန်းထဲက ထွက်လာလိမ့်မယ်..."

"မစ္စတာ ယူရီ..."

"ဘာလဲ... စိုးအောင်..."

"ခင်ဗျားတို့အဖွဲ့က ဟယ်လင်နာဟာ တော်တော်ချောတယ်နော်"

ဆံပင်နီနီကြီးက အော်ဟစ်ရယ်လိုက်သည်။ အားရပါးရ ရယ်၍ မျက်ရည်များပင် ထွက်လာဟန်တူသည်။ မျက်လုံးကို လက်ခုံနှင့်ပွတ်၍–

"ငရုတ်သီးစပ်လို့ မျက်ရည်ထွက်နေတုန်း မင်းပြောတာနဲ့ ရယ်ရလွန်းလို့ မျက်ရည်တွေ ထွက်လာပြီဗျာ"

"ဘာလဲဗျ... မိန်းမတစ်ယောက်ချောတယ်ပြောတာ ရယ်စရာလား"

"အဲဒါကတော့ ရယ်စရာမဟုတ်ပါဘူးကွာ။ ဒါပေမဲ့ မင့်ကိုယ်ရေးမှတ်တမ်းကို ငါ ဖတ်လာခဲ့တုန်းက မင့်အကြောင်း သတိရလို့ ရယ်မိတာပါ"

"ကျွန်တော့် ကိုယ်ရေးမှတ်တမ်းက ရယ်စရာပါလို့လား"

"အင်း... မင်းဟာ မိန်းမနဲ့၊ အဲ... အဲ... ဘာခေါ်မလဲကွာ၊ သိမ်းသွင်းဖြားယောင်းလို့ မရလို့ ရေးထားတာ ငါတွေ့တယ်။ အဲဒါ ဟယ်လင်ကိုပြတော့ ဒီမြန်မာလူမျိုးကို သူ စမ်းကြည့်မယ်တဲ့"

"ဪ... ဟုတ်လား"

"အေး ဟုတ်တယ်... ငါက မစမ်းနဲ့၊ စိုးအောင် အကြောင်း ငါသိတယ်။ ဒီကောင်ဟာ နှလုံးသားရှိတဲ့ကောင် မဟုတ်ဘူးလို့ ပြောတော့ ဟယ်လင်က စိန်ခေါ်ပြီး ငါနဲ့ အလောင်းအစားလုပ်တယ်"

"ကျွန်တော့်ကို ဖြားယောင်းသိမ်းသွင်းကြည့်မယ်ပေါ့"

"အေး... ဟယ်လင်က အဲဒီလိုပြောတယ်"

"ဒါဖြင့်... ခင်ဗျား အခုကတည်းက အရှုံးပေးလိုက်တော့"

"ဟား... ဟား... ဟုတ်လိုက်လေ စိုးအောင်ရာ"

ဆံပင်နီကြီး သဘောကျစွာရယ်နေ၏။

mgyoe.com

mgyoe.com SAMPLE BOOK


သင်္ဘောကြီးသည် တွံတေးတူးမြောင်းမှ ထွက်စပြုနေပြီ။

*

ဟယ်လင်နာသည် အမှန်တကယ်ချော၏။

အရှေ့အလယ်ပိုင်းသူတစ်ဦးဖြစ်သော်လည်း မျက်နှာအသွင်အပြင်မှာ အရှေ့တိုင်းဆန်သည်ဟု ပြောရမည်။ အထူးသဖြင့် အသားအရေမှာ အရှေ့တိုင်းသူတို့ ဝင်းဝါမှုမျိုးကို တွေ့ရ၏။

ကိုယ်လုံးသွယ်သွယ်၊ အရပ်မြင့်မြင့် ကျစ်လျစ်သန့်မာသော အံလှအပများတွင် နွဲ့နှောင်းသော ကျက်သရေက ပေါင်းစပ်ထား၏။ မျက်လုံးအရောင်နက်တို့ကြောင့် အရှေ့တိုင်းဟန် ပို၍ ပေါက်သည်။

မတင်းကျပ်လွန်းသော်လည်း အလွန်အမင်းလည်းမပွသော ချည်ထည်ရှပ်အင်္ကျီကို ဝတ်ထား၏။ အဝါနုနုနှင့် အပြာနုနု အကွက်အဆင်များပါသော ရှပ်အင်္ကျီသည် မြန်မာနိုင်ငံရောက်မှ ဝယ်သော အင်္ကျီဖြစ်ဟန်တူ၏။ ဒူးဆစ်ပတ်လည်တွင် ဝဲနေသော ဂါဝန်နက်ပြာကို ဝတ်ထား၏။

ဖြူဖွေးလှပသော ခြေထောက်များကို ဂရုတစိုက်ကြည့်မိသည်။ ကတ္တီပါသဲကြိုးတပ် မန္တလေးပိန်းတန်းဖိနပ်ကို စီးထား၏။

စိုးအောင်သည် စားပွဲခုံအောက်မှ ဟယ်လင့်၏ခြေထောက်များကို ခိုးကြည့်နေ၏။ ဟယ်လင်က သိပုံရသည်။ သို့သော် ဟန်မပျက် စားစရာများကို အာရုံစိုက်စားသောက်နေသည်။ မိန်းမများသည် ဟန်ဆောင်ကောင်းကြသည်ကိုး။

စိုးအောင် မြတ်သစ်ကို သတိရလိုက်၏။

"မိန်းမတစ်ယောက်ရဲ့ ခြေထောက်မှာ ကောင်းခြင်းအင်္ဂါလက္ခဏာ ငါးဖြာရှိတယ်။ ငါးဖြာဆိုတာ ဖျာငါးချပ်ပြောတာမဟုတ်ဘူး၊ ငါးခုကိုပြောတာ သိလား"

မြတ်သစ် မူးမူးရူးရူးနှင့် တစ်ခါပြောဖူးသော စကားများကို ဟယ်လင်၏ ခြေထောက်အား ကြည့်နေရင်း စိုးအောင် အမှတ်ရနေ၏။

ခြေချောင်းကလေးများ ညီ၍ တစ်ခုနှင့်တစ်ခု ထိကပ်နေသည်၊ ကွာမနေကြ။ ထိုအချက်သည် ပထမ အင်္ဂါရပ်ဖြစ်၏။ ခြေခုံသည် မို့မောက်၍နေ၏။ အရိုးအကြော တွေ ပေါ်မနေရ။ ထိုအချက်သည် ဒုတိယအင်္ဂါရပ်၊ ခြေအရင်းရှိ အရိုးသည် အပြင်သို့ ဖုထစ်၍ ငေါ်ထွက်မနေရ။ ထိုအချက်သည် တတိယအချက်။ ခြေဖနှောင့်မှစ၍

mgyoe.com

mgyoe.com SAMPLE BOOK


ခြေဖဝါးနှင့် ခြေဖမိုးအစပ်နေရာများ နူးညံ့နေရ၏။ ကွဲအက်နေခြင်း၊ အသားမာတက်နေခြင်းမရှိရ။ ထိုအချက်သည် စတုတ္ထအင်္ဂါရပ်ဖြစ်သည်။ ပဉ္စမအင်္ဂါရပ်က ခြေမမှ ခြေသန်းအထိ စောင်းစောင်းကလေးနေပုံမှာ ၄၅ ဒီဂရီ ရှိရမည်။ မြတ်သစ် လက်ချာရိုက်ဖူးသည်။

ဟယ်လင်၏ခြေထောက်ကလေးများကို ကြည့်ရင်း စိုးအောင် မလုံမလဲဖြစ်မိ၏။

စားပွဲတွင် ဝိုင်းထိုင်ရင်း ညစာ စားနေကြသူများကို ကြည့်မိသည်။ ဘယ်သူမှ သူ၏ ခိုးမှုခိုးရာကို သတိပြုမိကြပုံမရ။

ယူရီက ဦးဆောင်၍ သူနှင့် ပါလာသော အဖွဲ့နှင့်အတူ စိုးအောင် ညစာ စားနေသည်။ ယူရီအဖွဲ့တွင် အားလုံး လေးယောက်။

ရွှေကိုင်းမျက်မှန် အဝိုင်းနှင့် အသက် ၄၀ ခန့်ရှိသော ပိန်ပိန်ရှည်ရှည် တစ်ယောက် မျက်လုံးပြာပြာနှင့် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများ ထူထပ်စွာ ပေါက်နေသော တောင့်တင်းကြံ့ခိုင်လှသည့်သူတစ်ယောက်။

ထို့နောက်... ဟယ်လင်။

စိုးအောင်ကို ဖြားယောင်းသွေးဆောင်မည်ဟု ယူရီက ကြေညာ၍ စိန်ခေါ် အလောင်းအစား လုပ်ထားသော မိန်းမချောလေးကား ဟယ်လင်။

ရှပ်အင်္ကျီအကွက် လက်တိုကလေးကို နှစ်ဖက်ခေါက်၍ တင်ထားသည်။ သွယ်ဝန်းသော လက်မောင်းများတွင် အပြစ်အနာအဆာဟူ၍ ဖြူစက်ဖြူပြောက် လောက်မျှ မတွေ့ရ။

ဒင်နာရိုးလ် ပေါင်မုန့်ငယ်ကလေးကို ဖဲ့၍ ဖဲ့၍ ထောပတ်အုပ်အတွင်းမှ ထောပတ်ကို စားပြားပါးပါးကလေးဖြင့် ကော်ကာ သုတ်နေပုံကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။

သူတို့အဖွဲ့ခေါင်းဆောင် ယူရီသည် စားထွေ ကော်ပိုရေးရှင်းမှထုတ်သော အမဲသား စဉ်းကောကြော် ပန်းကန်ကို အပြောင်ရှင်းနေ၏။ ရွှေကိုင်းမျက်မှန်အဝိုင်းနှင့် ပိန်ရှည်ရှည်လူသည် အစားနည်း၏။ သူများတွေမပြီးခင် ပြီး၍ အစားပိတ် ကော်ဖီပင် သောက်နေပြီ။ မျက်လုံးပြာမုတ်ဆိတ်သည် ဆလတ်ရွက်နှင့် သခွားသီးကို သံပရာ ရည်ညှစ်၍ ပလုတ်ပလောင်း စားနေ၏။

စိုးအောင်ကတော့ မြန်မာပီပီ ထမင်းကို ငါးပိရည်ချိုနှင့်၊ ငါးသလောက်ပေါင်းနှင့်၊ ပုစွန်ချဉ်သုပ်နှင့် မြန်မာလို စားနေ၏။

mgyoe.com

mgyoe.com SAMPLE BOOK


ဟယ်လင်သည် ဖန်ခွက်ရှည်ရှည်ထဲမှ ဝိုင်အရက်ချိုကို တစ်ငုံမော့၍ သောက်၏။ ဖန်ခွက်ပြန်အချတွင် ရှေ့တည့်တည့်မှာ ရှိနေသော စိုးအောင်ကို မျက်လုံးတစ်ချက် ဝင့်ကြည့်သည်။

စိုးအောင် ဝမ်းတွင်းက ကျိတ်၍ ပြုံးနေသည်။

ထမင်းမစားခင် ယူရီက အားလုံးကို စိုးအောင်နှင့် မိတ်ဆက်ပေး၏။ မိတ်ဆက်ပေးစဉ်က ဟယ်လင်သည် စိုးအောင်လက်ကို တင်းတင်းဆုပ်ညှစ်၍ မျက်လုံးတည့်တည့် တစ်ခါကြည့်သည်။ ထို့နောက် စိုးအောင်ကို လုံးဝမကြည့်၊ မျက်လုံးလွှဲနေ၏။ အခု တစ်ခါကြည့်သည်။ သည်လိုအထာတွေ စိုးအောင် ညက်ပြီးသား။

ဝမ်းတွင်းက ကျိတ်ပြုံးရုံမက၊ ဟယ်လင်၏ စူးရှသော အကြည့်ကို ပြန်ကြည့်၍ သေသေချာချာ ပြုံးပြလိုက်သည်။

အလယ်တွင် အနည်းငယ်မို့၍ထူသော ဟယ်လင်၏ နှုတ်ခမ်း ပြန့်ပြန့်ကျယ်ကျယ်များ အပြုံးရိပ်ကလေး တစ်ချက် လက်သွား၏။ နက်မှောင်သော မျက်လုံးထဲက အရိပ်အယောင်ကို အမိအရ ဖမ်းယူသော်လည်း စိုးအောင် မမီလိုက်။ လျင်မြန်စွာ မျက်လွှာချသွားသည်။

ယူရီက ကျယ်ကျယ်လောင်လောင် စကားပြောသည်။ မြစ်ဝကျွန်းပေါ်တွင် မိကျောင်းများ တွေ့နိုင်သော ဒေသကို မေးသည်။ မိကျောင်းမွေးမြူရေးလုပ်ငန်းကို မေးသည်။ ကျန်နှစ်ယောက်က တစ်ခွန်းစ နှစ်ခွန်းစသာ ဝင်ပြော၏။ စိုးအောင်က သိထားသမျှ ဖြေရ၏။

စကားတစ်ခွန်းမှ မပြောသူမှာ ဆံပင်နက်နက်၊ မျက်လုံးနက်နက်နှင့် မိန်းမချောကလေး ဟယ်လင်နာသာလျှင် ဖြစ်၏။

စိုးအောင်အထင်မှာတော့ ဟယ်လင်သည် မျက်လုံးများဖြင့် စကားအခွန်းပေါင်းများစွာကို ပြောသည်ဟူ၍ပင်ဖြစ်၏။ သို့သော် အထင်ဆိုသည်မှာ ရှိတတ်စမြဲ။

ရေနွေးကြမ်းပူပူတစ်ခွက်ငှဲ့၍ စိုးအောင် သောက်သည်။ ဘာကြောင့်မှန်းမသိ၊ ရင်ထဲမှာ အေးနေ၏။

*

ဝါးခယ်မ ဆိပ်ကမ်းမှ မီးရောင်များ ပျပျရေးရေးနောက်တွင် ကျန်ရစ်ပြီ။ သင်္ဘောကြီးပေါ်မှ ဖြာကျသော မီးရောင်ဖြင့် ကမ်းဘေးစပ်မှ ဓနိပင်များကို

mgyoe.com

mgyoe.com SAMPLE BOOK

ခပ်ရေးရေးမြင်ရ၏။ ညသည် အတော်အချိန်နှောင်းနေပြီ။ ကောင်းကင်တစ်နေရာမှ လတစ်ခြမ်းသည် မှိန်ဖျော့စွာ လင်းနေ၏။

သည်အချိန်ကြီးရောက်သည်အထိ ကိုယ့်အိုးကိုယ့်အိမ် မပြန်နိုင်ရှာကြသေးသော ရေလုပ်သားများ၏ လှေငယ်တက်စင်းများကို ကမ်းစပ်တွင် တစ်စင်းတလေ မြင်ရ၏။

စိုးအောင် အခန်းပြင်သို့ ထွက်လိုက်သည်။

သားရေဆိုဖာ တပ်ထားသော ဆုံလည် ခွေးခြေအဝိုင်းကလေးထုတ်၍ သဘော်လက်ရန်းတွင် ကပ်၍ချသည်။ ခွေးခြေခုံပေါ်မှာ ထိုင်၊ လက်ရန်းပေါ် လက်တင်မှီ၍ ကမ်းဘေးကို ကြည့်နေ၏။ ကော်ရစ်တာမီးများ မှိတ်ထား၍ အလင်းရောင် နည်းပါးသည်။ ည၏ မြစ်တွင်းလေပြည်ကို တဝရှူလိုက်သည်။

မနိုပင်အနံ့၊ လတာပြင်အနံ့၊ ဒီရေ၏အနံ့တို့ကို ရှူရှိုက် ခံစားလိုက်ရသည်။

ရုတ်တရက်... ရနံ့သင်းသင်း ညင်းညင်းမြမြ။ ထူးခြားသော ရနံ့ကလေး သင်းပျံ့၍လာ၏။

သူ့နောက်မှာ... ဟယ်လင်။

စိုးအောင်၏ လက်သည် အလိုလို... ခါးကြားမှာ ထိုးထားသော သေနတ်ဒင်ပေါ်သို့ ရောက်သွား၏။ မသိမသာ လက်ကို ပြန်ရုပ်သည်။

"ဟဲ... လို"

သဘော်ကြီးသည် ချောင်းပေါက်တစ်ခုအတွင်းသို့ ကွေ့အဝင်၊ ဥသြသံတစ်ချက်ပေး၏။ ဟယ်လင်က ပြန်၍ နှုတ်ဆက်သည်။

"ဟဲလို... စိုး"

"ထိုင်မလား... ဟယ်လင်"

"မထိုင်ပါဘူး... မတ်တတ်ရပ်နေချင်ပါတယ်"

"မင်း... အိပ်မပျော်လို့လား ဟယ်လင်"

"အိပ်ပျော်ပါတယ်၊ နိုးလာလို့ ပြန်မအိပ်ချင်ဘူး။ ပြန်အိပ်ရမှာ ညကိုသနားလို့ ပြန်မအိပ်တော့ဘူး"

မြတ်စွာဘုရား။ ဘယ်နေရာမှာမှ ကဗျာမဆန်သော စိုးအောင်သည် ညကို သနားတယ်ဟူသော စကားရပ်၏ ကဗျာဆန်မှုကို အပြေးအလွှား နားလည်ဖို့ ကြိုးစားလိုက်သည်။

mgyoe.com

SAMPLE BOOK

"တို့ဆီမှာ ဒီလိုမြစ်တွေ ချောင်းတွေရဲ့ ရှုခင်းအရသာ၊ ဒီလို လ.မှိန်မှိန်ကလေး မြစ်ပြင်ပေါ်မှာ လင်းနေတဲ့ အရသာကို မခံစားရဘူး"

"ဩော်... ဟင်း... ဟင်း"

တောတောင် ရေမြေသဘာဝ အလှအပရှုခင်းများသည် သူ့ကို ဘယ်လိုမှ စိတ်မလှုပ်ရှားစေခဲ့။ သဘာဝ၏ အလှအပ အရသာကို မခံစားတတ်သူဖြစ်၍ မြတ်သစ်က မင်းဟာ စိတ်ပုံမှန်တဲ့သူမဟုတ်ဘူးဟု အမြဲပြောလေ့ရှိသည်။

"မစ္စတာစိုး၊ စိတ်ထဲမှာ ဘယ်လိုမှမဖြစ်ဘူးလား၊ ဝမ်းနည်းသလို မခံစားရ ဘူးလား"

ပေါက်တောက်တောက်နဲ့ ဘာတွေ လာပြောနေပါလိမ့်၊ ငါ့စိတ်ထဲမှာတော့ မင်းကို ဖက်ထားချင်တာပဲ ရှိတယ်ဟု သူ့ဘာသာ တွေးလိုက်မိ၏။

"အင်း... တစ်မျိုးပဲ"

မယုတ်မလွန် ဖြေသည်။ ခေါင်မိုးပေါ်မှ ဆလိုက်မီးမောင်းများသည် ဘေးဘီ ဝဲယာသို့ ဖြန့်၍ထိုးနေသည်။ ကမ်းစပ်က ဓနိပင်များသည် မီးလင်းရောင်တွင် ပြောင် လက်နေ၏။

"ဟိုအပင်တွေက ဘာပင်တွေလဲ"

အင်း... အခုမှပဲ ရုက္ခဗေဒ သုတေသီနဲ့ လာတွေ့နေပါလား။

"ဓနိပင်"

"အို... စိုး၊ ဓနိပင်ကို သိတယ်။ ကမ်းစပ်က အရွက်ချွန်ချွန် ရှည်ရှည်အပင် တွေကို ပြောတာ"

"ငါးတန်ပိန်း... ငါးတန်ပိန်းရဲ့ ရုက္ခဗေဒအမည်က တေိန်းပန်လို့ ခေါ်တယ်။ တေန်မီးနား ပိန်းနီးနားလို့ ခေါ်တယ်"

"အဲဒီအပင်တွေက ဘာလုပ်ရသလဲ"

တောက်... စောစောတုန်းက နင့်ကို ဖက်ထားချင်တယ်။ အခု မဖက်ချင်တော့ ဘူး၊ နားရင်းကို ရိုက်ပစ်ချင်တယ်။

"တို့ဆီမှာတော့ အဲဒီအပင်တွေကို စဉ်းပြီး ဝက်ကိုကျွေးတာပဲ"

"မစ္စတာစိုး... လမုပင်ကို ကုန်းပေါ်မှာ စိုက်လို့ရသလား"

စိုးအောင် အတော်စိတ်ဆိုးသွားပြီး မြန်မာ့ခရီးသွားလာရေး အေဂျင်စီက မြန်မာ ပြည်အကြောင်း သိကောင်းစရာများ ရေးသားရိုက်နှိပ်သည့် လက်စွဲစာအုပ်ငယ်တွင်

mgyoe.com

လမုပင်အကြောင်း ထည့်ရိုက်ဖို့ အကြံပေးဦးမှပဲ။

"အဲဒါတော့ မသိဘူး၊ မရဘူးလို့ ထင်တယ်"

"ကျွန်မတို့ဒေသဟာ သစ်ပင်မရှိတဲ့ဒေသ၊ အင်မတန်ခြောက်သွေ့တဲ့ သဲကန္တာရတွေမှာ ကြီးပြင်းလာခဲ့ရလို့ သစ်ပင်ကို ကျွန်မ သိပ်စိတ်ဝင်စားတယ်၊ မစ္စတာစိုး ဘာကို အထူးစိတ်ဝင်စားသလဲ"

"ငါ့ မင်းကို စိတ်ဝင်စားတယ် ဟယ်လင်"

ဂိုးသမား တကယ်ပဲ မှောက်လျက်လဲသလား၊ မှောက်လျက်လဲချင်ဟန်ဆောင်တာပဲလား မသိ။ စိုးအောင်က အနီးကပ် တစ်ဂိုးရှူးလိုက်၏။ သို့သော်... ဘောလုံးသည် ဘားတန်းပေါ်က ကပ်ကျော်သွားသည်။

ဟယ်လင်က ရယ်လိုက်သည်။ စိုးအောင် လက်မောင်းကို ဆုပ်ကိုင်၍...

"ယူရိုနဲ့ ကျွန်မနဲ့ အလောင်းအစား လုပ်ထားတာကို ရှင်သိတယ်ပေါ့၊ ဟုတ်လား"

"ဘာအလောင်းအစားလဲ၊ ငါ မသိပါဘူး၊ မင်း... ဘာကိုဆိုလိုတာလဲ"

"အိုကေ မစ္စတာစိုး၊ ကျွန်မကို စိတ်ဝင်စားရင် ရှင့်အခန်းထဲကို သွားကြမယ်၊ ပိုပြီး စိတ်ဝင်စားစရာတွေ တွေ့လိမ့်မယ်"

ဗြောင် စစ်ကြေညာပြီလား။ စိုးအောင်ဘက်ကို ဂိုးဝင်တော့မည်လား။

မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် ဘယ်သူ့ကိုမဆို အမြဲတစေ သံသယစိတ်ထားသော အလေ့အကျင့်ကြောင့် စိုးအောင် တုံ့ဆိုင်းသွား၏။

"လာလေ ကမ်းမွန် မစ္စတာစိုး"

သူ့လက်မောင်းအိုးကို ဆွဲကိုင်လှုပ်ယမ်း၍ ဆွဲခေါ်နေ၏။ ဟယ်လင်၏ လက်ဖဝါးကလေးများ ပူနွေးနေသည်ကို သတိပြုမိ၏။ ထိုအကြောင်း မြတ်သစ်ကိုသာ ပြောရလျှင် တေဇောစာတ်တွေကွ၊ တေဇောစာတ်တွေဟု မြတ်သစ် အော်ကျယ်ဟစ်ကျယ် ပြန်ပြောမည်မှာ သေချာသည်။

စိုးအောင်က ရယ်သည်။ အခန်းတွင်းသို့ သူ အရင်ဝင်၏။ ဟယ်လင်က နောက်က ကပ်၍ ဝင်လာသည်။ အခန်းကျဉ်းကျဉ်းလေးထဲမှာ ဟယ်လင်ထံမှ ရေမွှေးနံ့က ထုထည်အင်အား ကောင်းကောင်းဖြင့် လွှမ်းမိုးသွားသည်။

မျက်နှာကြက်မှ မီးချောင်းကို မဖွင့်ဘဲ အိပ်ရာဘေးမှ စာကြည့်မီးလုံးငယ်ကို ဖွင့်သည်။ မလင်းတလင်း။

mgyoe.com

ဟယ်လင်၏မျက်နှာသည် နှစ်လိုတပ်မက်ဖွယ် တောက်ပနေ၏။ ပေါင်ဒါ မိတ်ကပ် ဘာမှမရှိသော မျက်နှာကလေး အဆီပြန်၍ ဝင်းနေပုံမှာ တစ်သက် မမေ့နိုင်စရာ။ နံရံကို လက်သီးနှင့် ထိုးမိစေသော မြင်ကွင်းဖြစ်၏။ စိုးအောင် အသက်ရှုပြင်ကျပ်လာပြီ။

ကျယ်ပြန့်သောပါးစပ်မှာ အပြုံးရိပ်တစ်ခု။

"မစ္စတာစိုး"

ရင်မို့မို့ကို စွင့်၍ ရှပ်အင်္ကျီရှေ့ အိတ်ထောင်အတွင်းမှ ဓာတ်ပုံတစ်ပုံကို ထုတ်သည်။

"ဒီဓာတ်ပုံကို ကြည့်စမ်းပါ...၊ စိတ်ဝင်စားစရာမကောင်းဘူးလား"

"ငါ့ကို ပြင်သစ်ပြည် ညဈေးတန်း လမ်းဘေးက ညစ်တီးညစ်ပတ် ဓာတ်ပုံတွေများ ပြမလား၊ ဒုက္ခပါပဲ"

စိုးအောင် ယူကြည့်၏။

သူ့မျက်လုံးများ အေးစက်တင်းမာသွားကြသည်။ မျက်နှာပေါ်တွင် သိသာလောက်သော အမူအရာ ပေါ်မလာသော်လည်း စိုးအောင်၏ မျက်လုံးများ ရေခဲတုံးလို အေးစက်သွားကြသည်။ အတန်ကြာမှ ဓာတ်ပုံကို ပြန်လည်ပေးသည်။

ဟယ်လင်ကို စေ့စေ့ကြည့်၍ သွားတက် အချွန်ကလေးများ ပေါ်လာအောင် ပြုံး၍ စိုးအောင် မေးသည်။

"ဒီဓာတ်ပုံကို ဘာကြောင့် ငါ့ကို ပြရတာလဲ"

ဟယ်လင်၏မျက်လုံးများသည် တောက်ပအရောင်လက်နေကြ၏။ လျှို့ဝှက် သိပ်သည်းမှုကိုလည်း တွေ့မြင်ရသည်ဟု စိုးအောင် ထင်သည်။

"မစ္စတာစိုး သိထားသင့်တယ် ထင်လို့ပါ"

ပို့စကတ်အရွယ် ဓာတ်ပုံကို အသေအချာ ထပ်မံကြည့်နေပြန်၏။

"မင်းထင်မြင်ချက်က ဘယ်လိုလဲ ဟယ်လင်...၊ ဒီဓာတ်ပုံနဲ့ပတ်သက်လို့ မင်း ဘယ်လိုထင်မြင်သလဲ"

ဟယ်လင်သည် စိုးအောင်ကို ကြည့်၏။ ထိုအကြည့်သည် စကားပြေ အရေးအသား သိပ်မကောင်းသော ဝတ္ထုရေးဆရာများ သုံးစွဲလေ့ရှိသည့် မခို့တရို့ဟူသော အကြည့်မျိုးဖြစ်သည်။

"လူနဲ့ တခြားသက်ရှိသတ္တဝါတွေနဲ့ ကွာခြားတဲ့အချက်က လူဟာ လူ့အသိုင်း

mgyoe.com

အဝိုင်းက မိတ်ဆွေတွေကို သစ္စာဖောက်တတ်တယ်ဆိုတဲ့ အချက်ပါပဲ မစ္စတာစိုး"

"သူဟာ တကယ်ပဲ သစ္စာဖောက်တယ်လို့ မင်းထင်သလား"

"အဲသေအချာ မသိသေးဘဲနဲ့ ဘာမှမပြောတာ ကောင်းပါတယ် မစ္စတာစိုး"

ခေါင်းကိုညိတ်၍ သဘောတူကြောင်း အထိမ်းအမှတ်ကို ပြသလိုက်သည်။ စိုးအောင် ဓာတ်ပုံကို တစ်ခါထပ်၍ ကြည့်သည်။

ဓာတ်ပုံတွင် ဟယ်လင်တို့ အဖွဲ့ခေါင်းဆောင် ယူရီနှင့် လူတစ်ယောက် စားသောက်ခန်း တစ်ခုတွင် မျက်နှာချင်းဆိုင် စကားလက်ဆုံ ကျနေကြသည်။

ထိုလူကို စိုးအောင် ကောင်းစွာသိ၏။

သူ့အမည်မှာ... ဦးပါဒက။

*

သီတာဦး ရေပေါ် စားသောက်ဆိုင်ဘေးတွင် ရပ်လိုက်သည်။

သင်္ဘောဆိပ်အတက် မြင်ကွင်းမှာ လူများ၊ ကုန်များဖြင့် ရှုပ်ယှက်ခတ်နေ၏။ စိုးအောင်သည် ဤမြို့၏ သင်္ကေတ ဖြစ်ရုံမျှမက နေရာအနှံ့အပြားမှာ တွေ့နေရတတ်သည့် ဟာလဝါဆိုင်တစ်ဆိုင်၏ ဘေးတွင် မယောင်မလည် ရပ်နေ၏။ တံဆိပ်အမှတ်အသား ဘာမှမပါသော စီးကရက် အလိပ် ၂၀ ဝင် ဘူးဖြူဖြူထဲမှ တံဆိပ်စာတန်း မပါသော စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ ပါးစပ်တွင် ခဲထားသည်။ မီးခြစ်ကလေးကို အမှတ်မထင် မြှောက်လိုက်၊ ဖမ်းလိုက် လုပ်နေ၏။

အငှားကားငယ်တစ်စီးအတွင်းသို့ ယူရီနှင့်အဖွဲ့သားများ အားလုံးလေးယောက် ဝင်သွားသည်။ စိုးအောင် ကြည့်နေ၏။ ကားတံခါးပိတ်၍ ကွေ့အထွက် သူ့ဘက်သို့ လှမ်းကြည့်နေသော ဟယ်လင်နာကို မြင်ရသည်။

ခေါင်းကို မသိမသာ ယမ်း၍ မေးငေါ့ပြသည်။ နက်မှောင်နေသော ဆံပင်များ လှုပ်ခါသွားသည်။ ကားတံခါးပေါက်မှ ဝင်းလက်ခုန်ထွက်လာသော အပြုံးကို တွေ့လိုက်ရသည်။

စိုးအောင် မီးညှိလိုက်၏။

ညာဘက်တွင် လွယ်ထားသော သားရေအိတ်ကြီးကို ဘယ်ဘက်သို့ ပြောင်းလွယ်၏။

ယူရီတို့ကားသည် ကုန်း အတက်ကိုလွန်၍ ပျောက်သွားပေပြီ...။

mgyoe.com

စိုးအောင် တက္ကစီကားငယ်တစ်စီးကို လက်ပြခေါ်လိုက်သည်။ သွားရမည့်နေရာကို ပြော၍ ဒရိုင်ဘာဘေးသို့ ဝင်ထိုင်လိုက်သည်။ ဒရိုင်ဘာသည် ပါးစပ်တွင် ခဲထားသော ရွှေကိန္နရီ ဆေးပေါ့လိပ်ကို ဒက်ဘုတ်တွင်ရှိသော ဆေးလိပ်ခွက်တွင် ထည့်၍ ကားထွက်လိုက်၏။

ကားထွက်သွားသည်နှင့် နောက်ကြည့်မှန်မှ စိုးအောင်က နောက်သို့ကြည့်၏။ မသင်္ကာဖွယ်ရာ တစ်စုံတစ်ရာ ရှိနေမလား။ ကားဆရာသည် တံတားတစ်ခုကျော်တွင် ဘယ်သို့ချိုးဝင်၏။

"ဟိုကိုပဲ တန်းသွားမလား ဆရာ"

ဈေးပိုင်းမို့ ရှုပ်နေသော လူအုပ်ကြားတွင် ကားဆရာက ကျွမ်းကျင်စွာ ကွေ့လှည့်ရှောင်မောင်းရင်း စိုးအောင်ကို မေး၏။

"အင်း..."

ဈေးထောင့်မှာ ညာသို့ချိုး၏။ စိုးအောင် စီးကရက်ကို ပြာခံခွက်အတွင်းသို့ ထည့်၍ ထိုးခြေလိုက်သည်။

"အဘဆင်းသွားတာ မင်း တွေ့လိုက်သလား"

"တွေ့လိုက်တယ် ဆရာ...၊ တာတူးက ကားနဲ့ပါသွားတယ်။ တာတူးကို ဆရာ သိတယ်မဟုတ်လား"

"အင်း... သိတယ်၊ မနေ့က ၄ နာရီခွဲသင်္ဘောနဲ့ ပါလာတဲ့ လူကော"

"အရပ်ပုပုနဲ့ ကွမ်းစားတဲ့လူလား ဆရာ"

"အေး... ဟုတ်တယ်..."

"သူ မနေ့ မနက်က ရောက်တယ် ဆရာ၊ ကျွန်တော်ပဲ ပို့ပေးလိုက်တယ်..."

"ဘယ်ကိုလဲကွ"

"ချမ်းမြေ့ရောဟိုတယ်... ဆရာ"

မနေ့က လူတစ်ယောက် ရောက်နေနှင့်ပြီ၊ သစ်ကုမ္ပဏီတစ်ခုမှ အဝယ်တော်ကိုယ်စားလှယ်အဖြစ် လာသည်၊ ဟိုတယ်အသစ်ကြီးမှာ တည်းပြီး ဘာတွေလုပ်ထားနှင့်မလဲဟု စိုးအောင် တွေးမိသည်။

"မင်း ဒီရောက်တာ ဘယ်လောက်ကြာပြီလဲကွ..."

"ကိုးနှစ် ဆရာ..."

"သားသမီး ဘယ်နှယောက်ရပြီလဲ..."

mgyoe.com

"နှစ်ယောက် ဆရာ..."

"အခြေကျနေပြီပေါ့ကွာ... ဟုတ်လား..."

ဒရိုင်ဘာ လူရွယ်က ရယ်မောနေ၏။ အိုးနှင့် အိမ်နှင့် ဇနီးမယား သားသမီးနှင့် အခြေကျနေသော ဒရိုင်ဘာလူငယ်၏ဘဝကို သူ စဉ်းစားမိသည်။ ဤလူရွယ်သည် မြေမြို့ဇာတိဖြစ်၏၊ သူတို့လူဖြစ်၏။ တာဝန်နှင့် ဤဒေသသို့ ရောက်လာကာ မြစ်ဝကျွန်းပေါ်သူနှင့် အကြောင်းပါသည်၊ ဘဝအခြေကျနေပြီ။

ယခုအထိ အိုးနှင့် အိမ်နှင့် အခြေမကျသေးသော သူ့ဘဝကို စိုးအောင် တွေးမိ၏။

အမှန်က သူကိုယ်တိုင်က အတွယ်အတာနှင့် အနှောင်အဖွဲ့ကို လိုလားသူ မဟုတ်။

ကားသည် သပ်ရပ်သော နှစ်ထပ်ပျဉ်ထောင်အိမ်ကလေးတစ်လုံးရှေ့တွင် ရပ်လိုက်သည်။

"ငါ သွားမယ်၊ ည ၈ နာရီ မင်းလမ်းထိပ်က စောင့်၊ ဟုတ်လား..."

"ဟုတ်ကဲ့... ဆရာ"

စိုးအောင်သည် သူ့လူတစ်ယောက်၏ အိမ်ဝင်းအတွင်းသို့ ဝင်လိုက်သည်။

*

"တာဝန်တစ်ရပ်အနေနှင့်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီဧည့်သည် လေးယောက်ဟာ ကျွန်တော့်ရဲ့ မိတ်ဆွေတွေပဲ၊ သူတို့ဟာ ကမ္ဘာလှည့်ခရီးသည်တွေအဖြစ်နဲ့ ဒီကိုလာခဲ့ကြတယ်။ သူတို့မှာ ပြည်တွင်းခရီးသွားလာခွင့် တရားဝင်ရှိပြီးသား..."

စိုးအောင်သည် သူ့လူဖြစ်သော အိမ်ရှင်ကို ရှင်းပြသည်။

"သူတို့ဟာ ကျွန်တော့်ကို ပုဂ္ဂိုလ်အရရော၊ လုပ်ငန်းအရပါ ကျေးဇူးပြုဖူးတဲ့ သူတွေဖြစ်တယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့လည်း ပုဂ္ဂိုလ်ရေးအရ တာဝန်ကျေချင်တယ်။ သူတို့သွားချင်တဲ့ နေရာကို လိုက်ပို့ပေးရမယ်။ ခင်ဗျားတို့ရဲ့ အကူအညီကို တောင်းခံတာကလည်း ပုဂ္ဂိုလ်အရပါ"

"ဖြစ်ပါတယ် ကိုစိုးအောင်ရာ၊ ကျွန်ုပ်တို့လည်း ကြိုတင်သတင်းဝင်လာကတည်းက မျှော်နေတာပါ၊ ဘာလုပ်ပေးရမလဲ ပြောပါ"

"ကျွန်တော်တို့ ကမ်းခြေအပန်းဖြေစခန်းကို သွားချင်တယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါများဗျာ... ဖြစ်ပါတယ်"

"မဟုတ်ဘူးလေ... သွားတာကလည်း သိုသိုသိပ်သိပ် သွားချင်တယ်..."

"ဖြစ်ပါတယ်လေ... ဒါတွေမခက်ပါဘူး"

"မဟုတ်သေးဘူး ကိုအောင်၊ ဒီလူတွေဟာလည်း သူတို့လုပ်ငန်း သဘာဝအရ သာမန်လူတွေမဟုတ်ဘူး၊ သူတို့လုံခြုံရေးကို ဂရုစိုက်ရမယ်၊ တရားဝင် ဧည့်သည်တော်တွေအဖြစ်နဲ့ လာရင်တော့ လွယ်တာပေါ့ဗျာ"

"ဖြစ်ပါတယ် ကိုစိုးအောင်ရာ၊ ဒီနယ်တစ်ကြောမှာ အောင်ကြီးတို့ မီးသေပါတယ်၊ အဲ... မီးမသေတာတစ်ခုကတော့ ဆိုင်ကလုန်းမုန်တိုင်းပဲ။ မိုးဦးလေဦး နီးလာပြီ၊ မုန်တိုင်းဝင်လာရင်တော့ ကျုပ်လည်း မတတ်နိုင်ဘူး"

ကိုအောင်ကြီးဆိုသူက ရယ်ရယ်မောမော ပြော၏။

"ကဲ... ဒါဖြင့် အခု ကျွန်တော်တို့ သူတို့တည်းတဲ့ ဟိုတယ်ကို သွားဦးမယ်"

"ကျုပ် လိုက်ပို့ရမလား"

"ရတယ်၊ နေပေစေ၊ လမ်းထိပ်မှာ မောင်မြင့် စောင့်နေတယ်၊ သူ့ကိုမှာထားတယ်"

"ဟုတ်ပြီလေ၊ ညတော့ ပြန်အိပ်မှာလား"

"အဆင်ပြေရင်တော့ အိပ်မယ်၊ စောင့်တော့မနေနဲ့"

စိုးအောင်သည် ကချင်လွယ်အိတ်ကို ကောက်လွယ်၍ ထွက်လာခဲ့၏။

*

mgyoe.com

## အခန်း (၂)

၈ နာရီ ၁၂ မိနစ်ရှိပြီ...။

ချမ်းမြေ့ဧရာဟိုတယ်သည် ကန်သာယာကွင်းကို လွှမ်းမိုးထား၏။

ဒေသထွက်ကုန်ဖြစ်သော မှန်သားချပ်များဖြင့် ခေတ်မီလှပစွာ ဆောက်လုပ်ထားသော ဟိုတယ်အသစ်ကြီးဖြစ်၏။ မီးရောင်များသည် မှန်သားပြင် အဆောက်အအုံကြီးကို ပို၍ တောက်ပြောင်ဝင်းလက်စေ၏။ အကာအကွယ်ကင်းသော ကန်သာယာကွင်းကို ဖြတ်သန်းတိုက်ခတ်နေသော ညလေပြည်သည် လူအပေါင်းတို့၏ အမောအပန်းကို ယူပစ်သလို ပပျောက်ပြေလျော့စေ၏။

အဝင်လမ်းမှာ ကျယ်ပြန့်သော ဘဲဥပုံ မြက်ခင်းကြီးကိုပတ်၍ ကားကို မောင်းလာခဲ့သည်။ အဝင်ဝ မှန်သားအမိုးအောက်တွင် ကားကိုရပ်သည်။ အပေါ်တွင် တွဲလဲဆွဲထားသော ရောင်စုံဖန်ပဒိုင်း မီးပဒေသာက ဟိုတယ်အတွင်းသို့ ဝင်လာသူအားလုံးကို ဆီးကြိုနေ၏။

ဖန်သားချပ်များ၊ ဖန်သားတုံးများကိုဖြတ်၍ ဖြာကျဆင်းလာသော မီးရောင်စုံတန်းသည် ဟိုတယ် အဝင်ပေါ်က်ကြီးကို လွှမ်းခြုံထားသည်။

စိုးအောင် မှန်သားတံခါးချပ်ကြီးကို တွန်းဝင်၏။ မှန်ချပ်တံခါးကြီး တစ်ပတ်လည်သွားသည်။ စိုးအောင် အဝင်ဝ ခန်းမတွင်းသို့ ခြေချမိသည်။

မြင့်မားသော မျက်နှာကြက်အောက်မှ အဝင်ခန်းမကြီးသည် ကျယ်ဝန်းလှ၏။ အလယ်ပေါက်တွင် ဧည့်သည်များအတွက် အနီရဲရဲဆက်တီဆိုဖာလေး တစ်စုံ ချထားသည်။ နံရံတစ်ဖက်တွင် ရောင်စုံကျောက်စီ ပန်းချီကားချပ်ကြီးတစ်ခု နံရံနှင့် အပြည့်

mgyoe.com

mgyoe.com SAMPLE BOOK


ရှိ၏။ မြန်မာ့ကျွန်းသစ်လုပ်ငန်း သရုပ်ဖော် ကျောက်စိန်ရုံကပ် ပန်းချီဖြစ်၏။ ပန်းချီကားများမှ ဆင်သည် မြန်မာ့ဟန်ပါလှ၏။

ဧည့်ကြို ကောင်တာတွင် အမျိုးသမီးဝန်ထမ်းတစ်ဦးရှိသည်။ အခန်းသော့ကောင်တာတွင် အမျိုးသားဝန်ထမ်းတစ်ဦးရှိ၏။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွင် အရောင်းဝန်ထမ်း အမျိုးသမီးငယ်က နိုင်ငံခြားသား ဧည့်သည်စုံတွဲတစ်တွဲကို ဒေသဂုဏ်ဆောင် ဝါးတစ်လုံးထိုးများ ပြသနေ၏။

စိုးအောင်သည် ရှေ့တူရူကို လှမ်းကြည့်၏။ ဘားခန်းစားသောက်ခန်းတွေရှိရာတွင် လူတွေ သွားနေကြ၏။

သူ့ညာဘက်ရှိ လှေကားပေါ်သို့ တက်သည်။ ဓာတ်လှေကား မသုံးဘဲ ရိုးရိုးလှေကားမှ တမင်တက်လာခဲ့သည်။ တတိယထပ်ရောက်မှ ဓာတ်လှေကားရှေ့တွင် ရပ်၍ ခလုတ်အဝိုင်းကလေးကို နှိပ်သည်၊ လှေကား တက်လာ၏။ သူ့ရှေ့တွင် ရပ်သည်။ တံခါးကို ဖွင့်၍ဝင်၏၊ အပေါ်ဆုံးထပ်သို့ ခလုတ်ကိုနှိပ်၏။ လှေကား တက်သွားပြန်သည်။

၁၂ ထပ်တွင် ရပ်၏။ ဆွဲတံခါးကို ဆွဲဖွင့်၍ထွက်သည်။ ကော်ရစ်တာစင်္ကြံလမ်းသည် လင်းလင်းကျင်းကျင်း ရှိ၏။

အခန်းတံခါးထိပ်မှ အခန်းနံပါတ်ပြားကိုကြည့်၏။ ရုတ်တရက် အခန်းတွင်းမှ တစ်စုံတစ်ခု လဲပြိုကျသံ ကြားလိုက်ရ၏။ တစ်ဆက်တည်း အော်သံခပ်အုပ်အုပ်ကို ကြားလိုက်ရပြန်၏။

စိုးအောင့် တံခါးကို ပြေးကပ်၏။ အတွင်းက ရုန်းရင်းဆန်ခတ် လှုပ်ရှားသံများ ထပ်ကြားရသည်။

တံခါးနားသို့ကပ်သည်၊ ဆွယ်တာအင်္ကျီ အနားစကိုလှန်၍ ခါးကြားတွင် ထိုးလာသော ၃၈ ပြောင်းတိုကလေးကို ဆွဲထုတ်သည်။

တံခါးလက်ကိုင်ဘုကို ဖိ၍လှည့်၏။ ဆတ်ခနဲ တွန်းဖွင့်ပြီး ဒူးထောက်ထိုင်ချရာက ပခုံးစောင်း ကျွမ်းထိုးပစ်လိုက်သည်။ တစ်ပတ်ဒူးထောက်လျက် ပြန်အကျထရပ်၍ ရိပ်ခနဲဝင်လာသူကို ခြေဖြင့် ဆီးထောက်လိုက်သည်။ ဝင်လာသူ၏ ဒူးခေါင်းနှင့် သူ့ခြေဖနောင့် အံကျ။ ဝင်လာသူ ခွေကျသွား၏။

နောက်တစ်ယောက်... သူ့ဘက်ကို လှည့်ခွင့်မပေး။ ခပ်ဖွဖွ ခုန်၍ ကျောရိုးဆောင့်ခါးကို ကန်ပစ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


အခန်းအလယ်က ဟယ်လင်ကို ဖမ်းချုပ်နေသော လူဝဝတစ်ယောက် ကျောကော့၍ လဲကျသွားသည်။

ပထမလူ ထလာ၏။ ခါးကြားမှ ဓားမြှောင်ကို လှစ်ခနဲ ဆွဲထုတ်၍ တစောင်းရပ်နေသော စိုးအောင်ကို ပြေးထိုးသည်။

ဓားသမား ပြေးဝင်အလာ စိုးအောင် ခြေကိုမြှောက်၍ ခတ်ဖယ်သည်။

ရှေ့တည့်တည့်မှ ဝင်လာသောဓားကို ခြေဖြင့်တား၍ ခတ်ဖယ်ထုတ်ပစ်ဖို့ မလွယ်။ အချိန်အဆ ကွက်တိဖြစ်ဖို့ လိုသည်။

ခပ်ကားကားဝင်လာသော ဓားကိုင်လက်ဆစ်ကို ခြေဖမိုးခုံဖြင့် ဖမ်းတား၍ ခြေဆစ်ဖြင့်ဆာတ်၍ ခတ်ထုတ်ပစ်လိုက်၏။

ဓားလွင့်ထွက်သွားသည်နှင့် ထိုခြေထောက်ဖြင့်ပင် မေးဖျားကို တစ်ဆက်တည်း ခတ်လိုက်၏။

"ဟယ်လင်"

လဲကျသွားသူကို ပြန်မကြည့်တော့...။ အခန်းအလယ်မှာ အဝတ်အစား စုတ်ပြတ်ထွက်၍ ဆံပင်ဖရိုဖရဲ၊ မလုံမလဲဖြစ်နေသော ဟယ်လင်ကို ခေါ်လိုက်၏။

ဖမ်းချုပ်ဖို့ ကြိုးစားသူနှစ်ဦးနှင့် အပြင်းအထန် ရုန်းကန် ခုခံခဲ့ရသောကြောင့် ဟယ်လင် မောနေရှာသည်။

အလွန်မောပန်း၍ အသက်ပြင်းစွာ ရှူနေသော မိန်းမတစ်ယောက်၏ ရင်လှိုက်ဖိုနေပုံကို 'ခေါက်ရှာငှက်ပျံသလို' ဟူသော ဥပမာ အလင်္ကာဖြင့် ရေးစာများတွင် ဖွဲ့ဆိုကြောင်း မြတ်သစ် ပြောဖူးသည်ကို သတိရ၏။

ခေါက်ရှာငှက် ဘယ်လိုပျံလဲ သူမသိ။ သို့သော် စိုးအောင် သိသည်မှာ အလွန်မောပန်း တုန်လှုပ်နေသော ဟယ်လင်၏ရင်သည် စည်းချက်အမြန် ဖိုလှိုက်လှုပ်ရှားနေခြင်းပင်ဖြစ်သည်။

ထိုသို့ လှုပ်ရှားနေပုံသည် လွန်စွာ နှစ်သက်ဖွယ်ဖြစ်နေသည်ကိုလည်း စိုးအောင် မှတ်ချက်ချမိသည်။

"ဟယ်လင် ဘယ်လိုဖြစ်တာလဲ"

"အို... မစ္စတာစိုး၊ ကျွန်မ အခန်းထဲ ရုတ်တရက်ဝင်လာပြီး အတင်းဖမ်းဖို့ ကြိုးစားကြတာပဲ၊ ဘာမှမသိဘူး၊ ရုန်းကန်နေတုန်း စိုးရောက်လာတာပဲ၊ သိပ်ကျေးဇူးတင်တယ်၊ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်ပါပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


စိုးအောင် အခြေအနေအကြောင်းရင်းကို လျင်မြန်စွာ တွက်ချက်မိ၏။ ဟယ်လင်က ဘာမှသိပုံမရ...။

"တံခါးသော့ပိတ်ထားသလား..."

"အို... မစ္စတာစိုး၊ ကျွန်မ အသေအချာ ပိတ်ထားပါတယ်..."

ရုတ်တရက် လူဝဝက တန်းထလာသည်။ စိုးအောင်က လှည့်မကြည့်ဘဲ ခါးကို နွဲ့၍ ခြေဖြင့် ရုပ်ခတ်လိုက်သည်။ သူ့လှုပ်ရှားမှုမှာ ခြင်းပညာရှင်တစ်ဦး ခြင်းအလှခတ်ပုံမျိုးဖြစ်သည်။

ဒုတ်ခနဲဖြစ်၍ လူဝဝ ပြန်မှောက်သွား၏။ ဟယ်လင် အသံမထွက်။ ပါးစပ်ကို လက်ဝါးနှင့်ပိတ်၍ မျက်လုံးပြူးသွား၏။

"ဟယ်လင်... မင်း သင်္ဘောပေါ်မှာတုန်းက ငါ့ကိုပြတဲ့ ဓာတ်ပုံရှိသေးလား"

ဟယ်လင်က ခေါင်းညိတ်၏။

"အဲဒါသွားယူချေပါ။ ဒီလူကြီးမင်း နှစ်ယောက်ဟာ မင်းဆီက အဲဒီဓာတ်ပုံကို လာတောင်းတာ ဖြစ်ပါလိမ့်မယ်..."

နားမလည်သော အမူအရာဖြင့် တွေတွေကလေး ငေးစိုက်ကြည့်နေရာက နားလည်သွားပုံဖြင့် ခေါင်းညိတ်ပြန်၏။

"ပြီးတော့ ဟယ်လင်... မင်းရဲ့လှပတဲ့ ကိုယ်ပေါ်က အဝတ်အစား အစုတ်တွေကိုလဲပြီး လုံလုံခြုံခြုံ ဝတ်လိုက်ပါဦး..."

ကိုယ်ပေါ်မှာ အတော်စုတ်ပြဲနေသော အင်္ကျီစနှင့် ဂါဝန်စ ပါးပါးလွှာလွှာကို ငုံ့ကြည့်၍ စိုးအောင်အား ပြုံးပြလိုက်သည်။

"ဒီလိုနေတာ အရိုင်းဆန်ဆန်လှပေမဲ့ အဝတ်လဲခဲ့ပါ။ ပြီးတော့ ငါ့ဖို့ ကော်ဖီ တစ်အိုးလောက်တော့ ပြင်ဆင်ပေးပါ..."

ဟယ်လင် လှည့်ထွက်သွား၏။ နောက်ပိုင်းမှ အဝတ်အစားများလည်း အတော် နေသားမကျဖြစ်နေသည်။ စိုးအောင် ပြုံး၏၊ မျက်လုံးများကိုတော့ မလွှဲဖယ်မိ...

လျှပ်စစ်ကော်ဖီအိုး 'ပါတိုလေတာ' ဖြင့် ကော်ဖီထည့်၍ ကော်ဖီတစ်ခွက် ဖြစ်လာသည်အထိ အချိန်အတော်အသင့် ကြာသည်။

ဟယ်လင် အဝတ်အစားလဲပြီး ငွေရောင်လင်ပန်းဖြင့် ထွက်လာသော အချိန်တွင် လဲကျနေသော လူကြီးမင်းနှစ်ဦးကို လက်ကြိုးတုပ်၊ ခြေချင်းဝတ်ကြိုးတုပ်၊ ပါးစပ်ထဲ အဝတ်ဆို့၍ ပါးစပ်ကို ပိတ်စည်းပြီးသွားပြီ။

mgyoe.com

mgyoe.com SAMPLE BOOK


ငွေလင်ပန်းထဲမှာ ကော်ဖီအိုးငယ်နှင့် ပန်းကန်နှစ်ခုပါ၏။

ကော်ဖီမှာ လုပ်ပြီးသား မွှေးမွှေးသင်းသင်း ရနံ့ထွက်နေ၏။

ကော်ဖီလင်ပန်းကို မကြည့်၊ ဟယ်လင်ကိုသာ ကြည့်မိ၏။

ရှပ်အင်္ကျီလက်တို အနက်ရောင်နှင့် ဂါဝန်မှာ ငုဝါရောင်။ ရှပ်အင်္ကျီသည် ပွပွ လက်ကျယ်ကျယ်ဖြစ်၏။ အိတ်ထောင် နှစ်ဖက်၊ အိတ်ကပ်ဖုံးပေါ်မှာ ရွှေရောင်ကြယ်သီးများ တပ်ထား၏။ ဖဲသားလို ပြောင်လက်နေသော အနက်ရောင်အင်္ကျီဖြစ်သည်။

ဂါဝန်မှာ အထပ်များစွာ မပါသော ဂါဝန်မျိုးဖြစ်၏။ ပိတ်စမှာ ထူထူထဲထဲ ရှိ၏။ ယခုတစ်လော အနောက်တိုင်းက ပါရီလို မြို့ကြီးမှာ ဘယ်လို ဖက်ရှင်ပုံဆန်းတွေ ပေါ်နေသလဲ မသိ၊ အဲဒီ ဂါဝန်ကတော့ ရိုးရိုးဒူးဆစ်ဖုံးသည်အထိ ဣန္ဒြေရ၏။ ဘေးသို့ ဝဲကားနေသော ပုံမဟုတ်၊ ချပ်ချပ်ရပ်ရပ်ရှိသည်။

ကော်ဖီအိုးနှင့် လင်ပန်းကို စားပွဲပုကလေးပေါ်တင်သည်။

ဆိုဖာစွန်းတွင် ကျုံ့ကျုံ့ကလေး ဝင်ထိုင်၏။ ဂါဝန်ကို လက်ဖြင့် သပ်၍ ခြေနှစ်ချောင်းကို ချိတ်လိုက်သည်။ ခြေသလုံးကလေးများသည် ဆင်စွယ်ပွတ် သစ်လို ဝင်းဝင်းစက်စက် မွတ်ညက်နေ၏။ ခန်းလုံးပြည့် ကော်ဇောပေါ်မှာ ခြေဖဝါးကလေး တစ်ဖက်ချထား၏။ ထပ်ချိတ်ထားသော ခြေထောက်ကလေး လှုပ်ယမ်းနေသည်။ အခန်းတွင်းမှာမို့ ဖိနပ်စီးမထား။

"ဒီမှာ ဓာတ်ပုံ..."

ဓာတ်ပုံကို လှမ်းပေး၏။ စိုးအောင် လှမ်းယူသည်။

"လူကြီးမင်းနှစ်ယောက်လာတဲ့ကိစ္စဟာ ဒီဓာတ်ပုံနဲ့ပတ်သက်နေလိမ့်မယ်၊ ငါ့ကို ပေးထားပါ..."

အပြာရောင် သန်းသော ဥရောပ မျက်လုံးမျိုးမဟုတ်။ နက်မှောင်နေသော မျက်နက်သား၏ဘေးမှာ ဖြူဖွေးစင်ကြယ်သော အဖြူရောင်နှင့် တောက်ပကြည်လင်သော မျက်လုံးတွင် မေးခွန်းအရိပ်များ ဖြတ်သန်းသွား၏။ စိုးအောင် ထိုအချက်ကို သိလိုက်သော်လည်း ရှင်းပြမနေတော့...

ကော်ဖီတစ်ခွက်ငှဲ့၍ သောက်သည်။ ကော်ဖီခွက် ပြန်ချပြီး လက်ကိုဖော့၍ ကြမ်းပြင်ပေါ်မှ လူနှစ်ယောက်ကို ပြရင်း...

"သူတို့ကို သက်ဆိုင်ရာအပ်ဖို့ စီစဉ်လိုက်ဦးမယ်..."

စိုးအောင် ထရပ်သည်။ ဟယ်လင် ခေါင်းမော့၍...

mgyoe.com

 mgyoe.com SAMPLE BOOK 

"သူတို့ကို ဘာလုပ်မှာလဲ..."

"တရားဥပဒေအရ အရေးယူမှာပေါ့။ ဧည့်သည်တစ်ဦးရဲ့ အခန်းကို ပစ္စည်းခိုးဖို့ ကြိုးစားသူတွေကို ထိုက်သင့်တဲ့ အပြစ်ဒဏ် ခံရမှာပေါ့..."

တယ်လီဖုန်းဆက်သည်။ တစ်မိနစ်မျှ ကြာ၏။

"ကဲ... ဟယ်လင်၊ ဒီလူတွေကို သက်ဆိုင်ရာက လာခေါ်သွားလိမ့်မယ်။ လောလောဆယ် ဒီအခန်းထဲမှာ မင်း ရှိမနေစေချင်ဘူး၊ အဝတ်အစားလဲပြီး ငါနဲ့ တစ်နေရာရာမှာ ရောက်နေသင့်တယ်..."

"ကျွန်မကို မေးမြန်းစစ်ချက် မယူကြတော့ဘူးလား..."

ပြုံး၍ ခေါင်းယမ်းပြသည်။ စိုးအောင် ကော်ဖီခွက်ကို လှမ်းယူ၍ သောက်သည်။

"မင်း ဒီထက်ပိုပြီး ပါးနပ်လိမ့်မယ်လို့ ငါ တွက်ထားတာ၊ မင်းကိုစစ်ဖို့ မလိုပါဘူး၊ ငါတို့ပြည်သူ့ရဲတွေဟာ လုပ်ငန်းကျွမ်းကျင်ကြပါတယ်၊ ဒီပြဿနာတွေထဲမှာ မင်း ပါဝင်မပတ်သက်စေချင်ဘူး၊ မင်း ပါဝင်ပတ်သက်လာရင် မင်းဆရာ ယူရီ သိသွားမှာပေါ့..."

ပြုံးနွဲ့စွာထ၍ ဟယ်လင် အခန်းတွင်း ဝင်သွား၏။

ပြန်ထွက်လာသောအခါ စိုးအောင် မျက်လုံးပြူးသွားသည်။

နာမည်ကျော် မုဒ္ဒုံချိတ်ထဘီ အဝါရောင်လဲဝတ်ထားသည်။ ဆံပင်ကို ဖြန့်ချ၍ အလယ်လောက်တွင် အနက်ရောင်ဆံညှပ် အပြားကြီးကြီးတစ်ခုဖြင့် ညှပ်ထားသည်။ ဆံပင်၏ အောက်ပိုင်းရှိ ဆံပင်များသည် ယပ်တောင်သဖွယ် ကျောလယ်တွင် ဝဲဖြန့်နေ၏။

စိုးအောင်က ပြုံးမိ၏။ မုဒ္ဒုံလုံချည်မှာ အသားထူသည်၊ ဝတ်စားပုံမှာ အနည်းငယ် လျော့ရဲရဲရှိ၏။ ဝတ်နေမကျတော့ ဒီလောက်ပဲ ဝတ်တတ်မှာပေါ့။ သွားရင်းလာရင်း ကျွတ်မကျရင် ကံကောင်းလှပြီဟု စိုးအောင် တွေးမိ၏။

"ဘယ်ကိုသွားမလဲ မစ္စတာစိုး..."

"တစ်နေရာရာကိုပေါ့..."

သိပ်ပုံမကျ ပန်းမကျ ဖြစ်နေခြင်းက တစ်မျိုးလှနေ၏။ စိုးအောင်က တစ်မျိုးလေး လှနေသော ဟယ်လင်နာရှာရွှန်၏ လက်မောင်းကို အသာဖေး၍ ခေါ်သွားသည်။

*

mgyoe.com

 mgyoe.com SAMPLE BOOK 

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေ အတော်လေး ရှည်လာသော အချိန်ကစ၍ မြတ်သစ်သည် သူ့ကိုယ်သူ မင်းသားကြီး ခရစ်(စ)တော့(ဖ)ဖာဆင်နှင့် တူသည်ဟု ကြွေးကြော်လေ့ရှိ၏။ ကမ္ဘာကျော် မင်းသားကြီး ခရစ်(စ)တော့ဖာဆင်၏ ပိုစတာကို သူ့လုပ်ငန်း နံရံမှာ ကပ်ထားသည်။

လူရှေ့သူရှေ့မှာ မုတ်ဆိတ်မွေး ချွန်ချွန်ကလေးကို လက်ဖြင့် သပ်ကာသပ်ကာ ဂိုက်ထုတ်နေသည်က အမော၊ ဥရောပဝတ်စုံအပြည့်နှင့် နက်ကတိုင် လည်စည်း အကျအန စည်း၍ မြတ်သစ် လုပ်ချင်တိုင်း လုပ်နေသည်။

အင်္ဂလိပ်စကား တရွတ်ရွတ်ပြောသည်က ပိုသေးသည်။

ဆုံလည်ကုလားထိုင်ကို ဟန်ပါပါလှည့်၍ စားပွဲပေါ်က တယ်လီဖုန်းကို လှမ်းအယူ စားပွဲစွန်းနှင့် သူ့ရှည်လျားသော ဒူးနှင့် ဒုန်းခနဲ ဝင်တိုက်၏။ အမယ်လေးဗျ... ဟု မြတ်သစ် မြန်မာလိုအော်လိုက်သည်။ ဖုန်းခွက်ကိုကိုင်ပြီး မျက်နှာရှုံ့နေ၏။

"ဟဲလို..."

"ဟေ့ကောင်... ငါပြောမယ်... နားထောင်..."

စိုးအောင်သည် ကမ်းနားလမ်း သီတာဦး ရေပေါ်ဟိုတယ်ရှိ တယ်လီဖုန်းစက်ခုံမှ မြတ်သစ်ထံ ဆက်နေသည်၊ သူ စကားမဆုံးသေး...

"အို... ရက်စ်... ဗိုတ်အမိုးမင့်ပလိ(စ) ဟူး(စ)စပ်ကင်း..."

"ဟေ့ကောင်... ခွေးမသား... ငါပြော..."

"အို... မိုင်ဒီယား စိုးအောင်၊ ဟောင်း(စ)လိုက်(ဖ)အင်ဘက်စိန်း..."

"ငါ..."

စိုးအောင် စိတ်မထိန်းနိုင်၍ ဖုန်းထဲက ဆဲလိုက်မိ၏။

"အိုး... ဂေါ့(ဒ်)ယူ့အာဘဲရီး... ရု(ဒ်)..."

"ဟိတ်ကောင်..."

စိုးအောင် ဖုန်းထဲက အကျယ်ကြီး အော်လိုက်၏။

"ဘာလို့ တအားအော်ရတာလဲဟ... ခွေးမသား၊ ဝက်မသား စိုးအောင်၊ နားကို အူသွားတာပဲ..."

မြတ်သစ် မြန်မာလိုပြန်ပြော၏။

"ဒီမယ် နားထောင်၊ ဦးပါဒကကို မင်းသိလား၊ နေဦး ပြန်မမေးနဲ့ဦး၊ နားထောင်ဦး။ ပါဒက၊ ပါဒက သေသေချာချာမှတ်၊ ယူရီတို့ လေးယောက် မလာခင်တစ်ပတ်က

mgyoe.com

စရောက်လာတဲ့နေ့ထိ ဦးပါဒက ဘာလုပ်သလဲ၊ ဘယ်သွားသလဲ အကုန်သိချင်တယ်၊ နောက်တစ်ချက် ယူရီနဲ့ ဦးပါဒက တွေ့တယ်၊ ကန်သာယာဟိုတယ်မှာ တွေ့တဲ့ဓာတ်ပုံ၊ အဲဒီဓာတ်ပုံ ငါရထားတယ်၊ နောက်တစ်ချက် အခု ဖုန်းချတဲ့အချိန်ကစပြီး ဦးပါဒကကို ရောင်းသကလေ့(က) (၂၄ နာရီ) စောင့်၊ ကလော၊ မော်လမြိုင် မှာရှိတဲ့ သူ့လုပ်ငန်းတွေ စောင့်ကြည့်၊ မန္တလေး၊ မုံရွာမှာရှိတဲ့ လုပ်ငန်းတွေလည်း စောင့်ကြည့်၊ ဌာနခွဲသုံးကို အစီရင်ခံ ဖိုင်တွဲဖွင့်။ ငါနဲ့ ဆက်သွယ်ဖို့ ၂၄ နာရီ တာဝန်မှူးတစ်ယောက်ချထား၊ ယူရီတို့ကို မိတ်ဆွေအဖြစ်နဲ့ အလည်အပတ် လိုက်ပို့တာတော့မဟုတ်ဘူး။ ည တစ်နာရီ တိတိမှာ ငါ ဖုန်းပြန်ခေါ်မယ်၊ ရမလား"

"အေး... ရတယ်... နေပါဦး ဘယ်သူကွ... ပါဒက"

"ပါဒက... ပါဒက..."

"အေး... အဲ... ပါဒကဆိုတာ"

"ပါဒက,က ပါရမီမှာ နေတယ်၊ ရန်ကုန်မြို့မှာ ပါရမီက ပါဒကတစ်ယောက်ပဲ ရှိတယ်..."

"သြော်... အေး အေး၊ သူ့သမီး အငယ်ဆုံးက ဟိုကွာ၊ ဥစ္စာစောင့်မနာမည်နဲ့၊ သီဂီမြနှောင်း... တဲ့"

"ခွေးမသား... ဒီနာမည်ကျတော့ မမှားပါဘဲလား..."

"ဒါကတော့... အစ်(တ)အစ်(စ)အာ အဲ..."

"ဂျောက်..."

အင်္ဂလိပ်လို ဆက်ပြောတော့မည်လုပ်နေစဉ် စိုးအောင် ဖုန်းချသွားသည်။

မြတ်သစ် အဝေးပြောဖုန်းကို ပြန်တင်၍၊ ရုံးတွင်းမှ ဖုန်းကိုကိုင်၍ မ,ယူလိုက်သည်။

"ဟဲလို အဲ ကွန်ပျူတာ ပေးပါ..."

စိုးအောင်၏ ညွှန်ကြားချက်များဖြင့် မြတ်သစ် အလုပ်ရှုပ်စပြုနေပြီ။

*

အပန်းဖြေ ပင်လယ်ဆိပ်ကမ်းတစ်ခုတွင် ရှိသင့်ရှိအပ်သည့် ဂုဏ်အင်္ဂါ များစွာ ရှိ၏။ ထိုဂုဏ်အင်္ဂါများနှင့် ဤကမ်းခြေသည် ပြည့်စုံ၏။

ပင်လယ်ရေ၏ အပြာရောင်၊ ပင်လယ်ရေ၏ အပူအအေး၊ သဲသောင်ပြင်၏

mgyoe.com

အကျယ်အဝန်း၊ သဲသောင်ပြင်၏ ဆင်ခြေလျှော၊ သဲ၏ နူးညံ့မှု၊ သဲလုံး အကြီးအသေး ပမာဏ၊ ကမ်းပေါ်ရှိ သစ်ပင်၊ ဝါးပင်တို့ ပေါက်မှုအနေအထား စသည့် သဘာဝ ဂုဏ်အင်္ဂါများအပြင် ဘန်ဂလိုတည်းခိုဆောင်၊ လမ်းပန်းအဆက်အသွယ်၊ အစား အသောက် စသည်တို့လည်းရှိ၏။

'ချောင်းသာယာ' ပင်လယ်ကမ်းခြေသည် နိုင်ငံတကာ အပန်းဖြေ ဆိပ်ကမ်းများ ၏ အရည်အချင်း ၈၀ ရာခိုင်နှုန်း ပြည့်ဝစုံလင်သည်။ ကြီးကျယ်ခမ်းနားသော ဟိုတယ်များ ဆောက်မထားခြင်း၊ လမ်းပန်းအဆက်အသွယ် အနည်းငယ် ထောက်ခြင်း တို့မှအပ သဘာဝ အနေအထားမှာ အရှေ့တောင် အာရှတွင် ပထမတန်းထဲက ဖြစ်၏။

အဝါနှင့် အနက် ကန့်လန့်စင်း၊ နှစ်စဖြတ် ရေကူးဝတ်စုံမှ အဝါရောင်သည် ဟယ်လင်၏ အသားရောင်နှင့် ပေါင်းစပ်နေ၏။ အဝေးမှကြည့်သော် အဝါရောင်မပေါ် လွင်။ ထို့ကြောင့် ဟယ်လင်၏ကိုယ်ပေါ်တွင် ကန့်လန့်ဖြတ် အနက်ရောင် အစင်း သုံးစင်းကိုသာ အဝေးကြည့် မြင်နေရသည်။

နေခြည်သည် နွေး၍ ပင်လယ်ရေသည် ဤအချိန်မျိုးတွင် အံ့ဖွယ်ရာ အေးနေ တတ်၏။ ကမ်းစပ်မှာ လိမ့်၍၊ တွန့်၍ ပြေလျှောဆင်းသွားကာ လှိုင်းတွန့် ရေမြှုပ် ကလေးတွေကြားမှာ ခြေကိုဖွဖွနင်း၍ လျှောက်သွားနေသော ဟယ်လင်ကို သူကြည့်နေ မိ၏။ ဝရန်တာလက်တန်းပေါ်မှာ အုန်းသီးစိမ်းတစ်လုံး ထိပ်ဖြတ်ထားပြီးသား တင် ထား၏။ အုန်းစိမ်းရည် လတ်လတ်ဆတ်ဆတ်ကို ပိုက်တံကလေးဖြင့် စိုးအောင် စုပ်ယူသောက်နေသည်။

ဟယ်လင်နာ၏ခြေတံ၊ ခြေထောက်များသည် ရှည်လျား အချိုးကျလှ၏။ သွယ်လျခြင်း၊ လုံးဝန်းခြင်းတို့တွင် ကျန်းမာကြံ့ခိုင်သော အားကစားတစ်မျိုးမျိုး၊ လေ့ကျင့်ခန်းမပြတ်သောသူတစ်ယောက်၏ ကျစ်လျစ်တင်းမာမှုကိုပါ တွေ့ရသည်။

ကမ်းစပ်တစ်လျှောက် လမ်းလျှောက်သွားနေသော ဟယ်လင်နာကို ငေးမော ကြည့်နေမိသည်။

ရေကူးဝတ်စုံ နှစ်စဖြင့် ဝတ်ဆင်စည်းနှောင်ထားသောကြောင့် ဟယ်လင်၏ ကိုယ်လုံးကလေးမှာ ကျစ်ကျစ်လျစ်လျစ်ရှိနေ၏။ အလွန်အမင်း ခန္ဓာကိုယ် ဖွံ့ထွားခြင်း မဟုတ်။ ခြုံ၍ကြည့်လျှင် သွယ်လျသော ကိုယ်လုံးမျိုး၊ ပါးပါးလျားလျား ကိုယ်လုံးမျိုး ဖြစ်သည်။

သို့သော် လူသူမနီး တောကြီးလျှိုမြောင်အတွင်းက ကြသောင်းဝါးပင်ပျိုကဲ့သို့

mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်၏။ ပျော့ပျောင်းခြင်းနှင့် မာကျောခြင်းနှစ်ခုကို မျှတပေါင်းစပ်ထားသော သဘောကို ခံစားရမိ၏။ ဝါးပင်ပျိုသည် လေအသိမ်းတွင် ယိမ်းနွဲ့ကွေးညွတ်တတ်သော်လည်း လွန်စွာမာကျောသော ခွန်အားများရှိ၏။ ယိမ်းနွဲ့ခြင်း၊ ကွေးညွတ်ပျော့ပျောင်းခြင်းတို့သည်ပင်လျှင်-ဝါးပင်ပျို၏ ခွန်အားများဖြစ်တော့၏။

ဟယ်လင်နာသည် ထို့အတူပဲဟု စိုးအောင် ခံစားမိ၏။ ကိုယ်နေဟန် နွဲ့နှောင်းပျော့ပျောင်းသော်လည်း အလွန်သန်မာကျစ်လျစ်သော မိန်းမတစ်ယောက်ဟု စိုးအောင် နားလည်ထားမိ၏။

ကျနေရောင်ခြည်သည် တရွေ့ရွေ့ ဟယ်လင်နာ၏ ခန္ဓာကိုယ်အလုံးစုံကို အလှဆေးရည်များ ပက်ဖျန်းသုတ်လိမ်းနေ၏။

ပင်လယ်စပ်မှ တစ်ပြည်သူ နတ်မယ်လျှသည် ကျက်သရေတစ်သန်းဖြင့် ထွန်းလင်းနေ၏။

နာမည်တော့ မေ့နေပြီ။ မန္တလေး အောင်ပင်လယ်မှာ နတ်သမီးနှင့်တွေ့၍ ရှင်ဘုရင်တစ်ပါး ရူးသွပ်သွားဖူး၏။ စိုးအောင် ရူးသွပ်မသွားသော်လည်း ဟယ်လင်ထံမှ မျက်လုံးမခွာဘဲ ဇရန်တာ လက်တန်းပေါ်က အုန်းသီးစိမ်းကို လှမ်းအယူတွင် အုန်းသီးမြေကြီးပေါ်သို့ ကျသွား၏။

သူ့ဘာသာ အသံထွက်အောင် ရယ်မောမိ၏။

"မလှဘူးလား စိုးအောင်"

မြန်မာသံပီပီသသ၊ လှည့်မကြည့်ဘဲ ယူရီမှန်း သိ၏။ စိုးအောင် ဘေးရှိ ကြိမ်ကုလားထိုင်တစ်လုံးကို ဆွဲယူထိုင်သည်။

ဘောင်းဘီတိုအဖြူ ခပ်ချောင်ချောင် ခပ်ပွပွကို ဝတ်ထား၏။ ကိုယ်အထက်ပိုင်း အင်္ကျီဗလာ၊ ယူရီအရွယ်နှင့် စာသော် များစွာတောင့်တင်းကြံ့ခိုင်သေး၏။ သူ၏ ခန္ဓာကိုယ်မှ ရင်အုပ်လက်မောင်း ကြွက်သားများ အမြှောင်းထလျက် ခါးအနည်းငယ် တုတ်သည်မှအပ ဝမ်းဗိုက်ဆူဖြိုး အဆီတွဲခြင်းမရှိသေး။

ဆံပင်နီနီ၊ မုတ်ဆိတ်မွေးနီနီ၊ ရင်ဘတ်ပေါ်မှာလည်း ပြောင်းဖူးမွေးလို နီကြင်ကြင် ရင်ဘတ်မွေးများ။

စိုးအောင် လှည့်ကြည့်၍ ပြုံးပြသည်။

"ဘာကိုပြောတာလဲ...၊ ပင်လယ်ပြင်ကိုလား... ဟယ်လင်ကိုလား..."

"နှစ်ခုစလုံးကို ပြောတာပေါ့... စိုးအောင်"

mgyoe.com

mgyoe.com SAMPLE BOOK


ယူရီသည် အသံအောအောကြီးဖြင့် ရယ်၍ပြောသည်။

"ဟယ်လင်လှတာ ကျွန်တော်နှင့် မဆိုင်ပါဘူး။ ပင်လယ်ပြင် ရှုမျှော်ခင်းလှတာ တော့ ကျွန်တော်နဲ့ဆိုင်တယ်"

"ဘာကိုဆိုလိုတာလဲ စိုးအောင်"

"ဒီပင်လယ်ပြင်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပင်လယ်ပြင်မဟုတ်လား...၊ ကျွန်တော် တို့ပိုင်တဲ့ သဘာဝအလှအပတွေ မပျက်စီးအောင်၊ အရုပ်ဆိုးမသွားအောင် စောင့်ရှောက် ရမှာ ကျွန်တော်တို့ တာဝန်ပေါ့..."

"အင်း... ဟုတ်တာပေါ့"

ထိုအချိန်တွင် ဟယ်လင်သည် ရေစပ်စပ် သဲပြင်ပေါ်တွင် ပက်လက်လှန်၍ နေစာလှုံနေ၏။ လိပ်တက်လာသော လှိုင်းပြေးသည် သူ့ကိုယ်ခန္ဓာပေါ်သို့ ကျော်တက် ဖြတ်သန်းသွား၏။

"ဟယ်လင် လှတာကတော့ အမှန်ပါပဲ"

ယူရီ၏ မျက်လုံးများကို တည့်တည့်ကြည့်၍ စိုးအောင် ပြောလိုက်သည်။

"ဟုတ်တယ်၊ ဟယ်လင်ဟာ ရုပ်လှသလောက် စိတ်ဓာတ်ကြံ့ခိုင်တယ်၊ သတ္တိ ရှိတယ်။ ခန္ဓာကိုယ်နှင့် ဦးနှောက်နှစ်ခုစလုံး အရည်အချင်းပြည့်စုံအောင် သဘာဝတရား က ဖန်တီးပေးထားတယ်"

"စွဲမက်စရာကောင်းတဲ့ မိန်းကလေးပဲ"

"မင်း စွဲမက်နေပြီလား စိုးအောင်၊ ငါ့ကို အသိပေးပါကွာ၊ ငါက အုပ်ထိန်းသူပါ"

"အဲဖရက်ဟာစ်(ချ)ကော့က ပြောခဲ့ဖူးတယ်။ အချစ်နဲ့ လိင်ကိစ္စဟာ ကလေး တွေအတွက်ပဲဖြစ်တယ်တဲ့။ ဒီကမ္ဘာကျော် ဒါရိုက်တာကြီးပြောတဲ့ ကလေးဆိုတာ အသိဉာဏ် သက်တမ်းနဲ့ ဆိုင်လိမ့်မယ်။ ကျွန်တော် ကလေးမဟုတ်ဘူး ယူရီ"

ခပ်ဝေးဝေးမှ ကြားလိုက်သော မီးရထားခုတ်မောင်းသံနှင့် တူလှစွာ ယူရီရယ် လိုက်၏။

"ကောင်းပြီ... ကောင်းပြီ၊ မင်းကလေး ပြန်ဖြစ်သွားတဲ့နေ့ကျရင် ငါ့ကိုပြောပါ"

ပြုံးရုံသာ ပြုံးနေ၏။ စိုးအောင်က ထရပ်၍ သူ့ကိုယ်ပေါ်မှ ရုပ်အင်္ကျီအနီကွက် ကို ချွတ်လိုက်၏။

"ကလေးမဟုတ်ပေမဲ့ ရေတော့ကူးချင်သေးတယ်ဗျာ"

ယူရီသည် ကုလားထိုင်ပေါ်မှ မထ၊ စရန်တာလက်တန်းကို ခုန်လွှားကျော်ဆင်း

mgyoe.com

mgyoe.com SAMPLE BOOK


သွားသော စိုးအောင်ကိုသာ စိုက်ကြည့်နေ၏။

အနီနှင့် အဖြူကျား ရေကူးဘောင်းဘီကလေးနှင့် ခြေလှမ်းမှန်မှန်သွားနေသော စိုးအောင်၏ ကျောပြင်ကြီးကို စိုက်ကြည့်နေ၏။

အရပ်မြင့်မား၍ ခန္ဓာကိုယ် သွယ်သွယ်ကျစ်ကျစ်ရှိသော စိုးအောင်၏ လှုပ်ရှားမှုများသည် ကြောင်တစ်ကောင်၊ ကျားတစ်ကောင် သွားလာလှုပ်ရှားပုံကဲ့သို့ လေးတွဲ့တွဲ့ ပျင်းမှုပျင်းရာရှိလှ၏။

ဟယ်လင်က လှပဖြူဖွေးသော လက်ကလေးတစ်ဖက်ကို မြှောက်၍ လှုပ်ယမ်းခေါ်ငင်နေသည်။

စိုးအောင် ပင်လယ်ပြင်နှင့် ဟယ်လင်ရှိရာသို့ ပြေးသွားနေသည်။

ယူရီသည် မျက်တောင်မခတ် ငေးစိုက်လျက်...

*

စိုးအောင် ဟယ်လင်၏လက်ကို အသာဆွဲယူလိုက်သည်။ လက်ချင်း တွဲချိတ်လျက်၊ ဆင်ခြေ ပြေပြေလျှောမို့သော သဲပြင်အတိုင်း ရေနက်ရှိရာသို့ ဆင်းသွားကြသည်။

ရေအောက်မှ သဲပြင်မွမွ၏ နူးညံ့ပုံကို ခံစားကြည့်မိသည်။ ဘယ်လို နူးညံ့ပုံမျိုးနှင့်မှမတူ ထင်မိ၏။

ရေပြင်သည် အေး၏။ ဟယ်လင်၏ လက်ဖဝါးလေးသည် နွေးနေသည်။

စကားတစ်ခွန်းမှ မပြောဖြစ်ကြ...

ရေစက်ရေပေါက်များ တွဲခိုနေသော ဟယ်လင်၏ ဝင်းဝင်းဝါဝါ လက်မောင်းကလေးကို ငုံ့စောင်း၍ ကြည့်မိသည်။ အနောက်တိုင်းသူနှင့် အနောက်တိုင်းသွေးမကင်းသူတို့တွင် တွေ့ရမြဲဖြစ်သော မှဲ့ခြောက်နှင့် အစက်ပြောက်များ လုံးဝမတွေ့ရ။ ကမ္ဘာပေါ်မှာ အလှဆုံးလက်မောင်းကလေးဟု စိုးအောင် ထင်မိသည်။

ခါးလောက် ရေအနက်ရောက်အောင် ပေ ၁၅၀ သာသာ သွားရသည်။ ရေပြင် ခါးလောက်ရောက်သည်နှင့် ဟယ်လင် လက်တွဲဖြုတ်၍ အတင်းပြေးကာ ရေထဲသို့ ထိုးချလိုက်၏။

တစ်ချက်နှစ်ချက်မျှ ခြေခတ်သည်။ ရေပြင်အောက်မှ ငါးတစ်ကောင် ခုန်ပျံတက်ရာတွင် ငါး၏ ဝမ်းဗိုက်သား ဖြူဖြူဖွေးဖွေးကို မြင်လိုက်ရသကဲ့သို့ ဟယ်လင်၏

mgyoe.com

m-gyoe.com SAMPLE BOOK

လှပသော ရှည်လျားသွယ်နွဲ့သော ခြေထောက်တစ်စုံ ဝင်းလက်၍သွား၏။

စိုးအောင် သက်ပြင်းတစ်ချက် ချလိုက်မိ၏။

အရာရာမှာ သံသယစိတ်တွေ၊ သတိတွေထားတာ များလွန်းနေသည်လား။ သည်လို ပင်လယ်ကမ်းခြေ ညနေခင်းမှာ အလှနတ်မိမယ်ကလေး တစ်ပါးနှင့် အေးအေးဆေးဆေး အရာအားလုံးကို မေ့လျော့ထား၍ ရေကူးပျော်မြူး မနေနိုင်အား။

စိုးအောင် ရင်ထဲမှာ သံသယအတွေးအခဲတွေ...

ပစ္စုပ္ပန်ကို တည့်တည့်ကြည့်လို့ ငါ့ဆရာတစ်ဦးက မှာဖူးတယ်။ သံသယစိတ်နဲ့ သတိတွေ သိပ်ထားလွန်းရင် လောကမှာ လူတွေထဲမှာ နေလို့မရတော့ဘူး။ သိပ်မစဉ်းစားနဲ့ စိုးအောင်၊ ပစ္စုပ္ပန်ကို တည့်တည့်ကြည့်၊ သူ့ဘာသာသူ ပြန်ပြောကြားနေသည်။

ပစ္စုပ္ပန်ကို တည့်တည့်ကြည့်သောအခါ ဟယ်လင်သည် ရေပေါ်တွင် ပက်လက်လှန် ကိုယ်ကိုဖော့၍ နေ၏။

စိုးအောင်သည် မန္တလေးအောင်ပင်လယ်မှ သူ နာမည်မမှတ်မိသော ရှင်ဘုရင်ကို သတိရစွာ ရေထဲသို့ ထိုးချကူးခပ်သွား၏။ ဟယ်လင် ရယ်မောလိုက်သည်။

*

ထိုညက အတော်ညဥ့်နက်မှ သူတို့ လူစုခွဲကြ၏။

ဘန်ဂလိုမှာ အခန်းလေးခန်းရှိ၏။ ယူရီတို့လေးယောက်ကို ထိုဘန်ဂလို ပေးလိုက်သည်။ စိုးအောင်က ကပ်လျက်ရှိသော ဘန်ဂလိုမှာ နေသည်။

ယူရီတို့အတွက် တကူးတက ယူလာသော မန္တလေးဘီယာမှာ သေတ္တာလိုက်ပါ၏။ ဘလက်လေဘယ်၊ ဂျော်နီဝပ်ကား၊ ဝီစကီကလည်း ခြောက်ပုလင်းကြီးများ တောင်ပါ၏။

ညနေက အားလုံး ရေကူးကြပြီး မောမောပန်းပန်းနှင့် ဝီစကီတစ်လုံး သောက်ကြသည်။

စိုးအောင် တစ်ယောက်သာ နှစ်ပက်နီးပါးမျှ သောက်၏။ အများဆုံးသောက်သူမှာ ယူရီ၊ ရွှေကိုင်းမျက်မှန်အဝိုင်းနှင့် ပိန်ပိန်ရှည်ရှည်လူက သိပ်မသောက်၊ ယူရီနှင့် တန်းတူလိုက်သူမှာ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး ဗရပျစ်နှင့် လူထွားကြီး။ ဟယ်လင်က ဘီယာတစ်ပုလင်း သောက်၏။

ရွှေကိုင်းမျက်မှန်အဝိုင်းနှင့် ပိန်ရှည်ရှည်လူမှာ ဒေါက်တာ မွန်ရှီဖြစ်၏။
m-gyoe.com

mgyoe.com SAMPLE BOOK


မုတ်ဆိတ် ဗရပျစ်နှင့် လူဝကြီးတစ်ကောင်နှင့် တူသောသူမှာ ဆီဂိုင်းဟု ခေါ်သည်။

ဒေါက်တာမွန်ရှီသည် တယ်လာဗီတက္ကသိုလ်မှ ရှေးဟောင်းယဉ်ကျေးမှု သုတေသန ပါမောက္ခဖြစ်သည်။ ဆီဂိုင်းသည် အီလက်ထရွန်နစ် အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။

ညနေစာ စားစဉ်က စိုးအောင်နှင့် အများဆုံး စကားလက်ဆုံကျသူမှာ ဒေါက်တာမွန်ရှီဖြစ်၏။ ပုဂံခေတ် ယဉ်ကျေးမှုအကြောင်း၊ ပျူခေတ် မြန်မာနိုင်ငံ အကြောင်းတွေကို ဦးဆောင် ပြောကြားခဲ့၏။ စိုးအောင်ကလည်း တန်းတူရည်တူ ပြန်လည်ပြောကြား၏။ ထိုသို့ ပြောကြားနိုင်အောင်လည်း စိုးအောင်တို့ကို ဘာသာစုံ သင်တန်းတွေ အမျိုးမျိုး ပေးထားပြီးသား။

လူစုခွဲကြသောအခါတွင် ဒေါက်တာ မွန်ရှီသည် ယဉ်ကျေးရည်မွန်သော၊ နူးညံ့ သိမ်မွေ့သော ပညာရှင်တစ်ဦးဖြစ်၍၊ ဆီဂိုင်းသည် စရိုက်ကြမ်း၊ လူကြမ်း၊ စိတ်ကြမ်း သူတစ်ဦးဖြစ်သည်ဟု စိုးအောင် မှတ်ယူထားလိုက်၏။

လဆန်းရက်ဖြစ်၍ ပင်လယ်ပြင်မှာ လဝင်သွားပြီ။

စိုးအောင် သူ့အခန်းရောက်သည်နှင့် ဘန်ဂလိုတစ်ခုလုံး တံခါးများကို လှည့်ပတ် စစ်ဆေး၏။ အိပ်ခန်းများနှင့် တွဲလျက် အိမ်သာ၊ ရေချိုးခန်းများကို ကြည့်၏။ မီးခလုတ်များနှင့် မိန်းဆွဲကို ကြည့်၏။ အစစ ဤသို့ သတိရှိသည့်အတိုင်း အန္တရာယ် ဆိုသည်မှာ ပေါ်ပေါက်လာစမြဲ။

သူ့အိပ်ခန်း တံခါးများကို ပိတ်၍ အဝတ်အစားများ ချွတ်လိုက်သည်။ ခပ်ပွပွ ဝတ်ရန် တမင်ချုပ်ထားသော ဘောင်းဘီတို တစ်ထည် ကောက်စွပ်၏။ ခါးရှုံ့ကြိုးကို ဆွဲ၍ အနေတော် ချည်လိုက်သည်။

ခုတင်ပေါ်မှ မွေ့ရာကို လက်ဖြင့် ထောက်စမ်းကြည့်၏။ မွေ့ရာနှင့် သူမအိပ် တတ်။ အမြဲတမ်း ကြမ်းခင်းမာမာပေါ်မှာ အိပ်သော အကျင့်ရှိ၍ မွေ့ရာကို သူမကြိုက်။ သို့သော် ရှိစေတော့။ စိုးအောင် မွေ့ရာပေါ်သို့ ပစ်လှဲချလိုက်သည်။

ပက်လက်လှန်ထားလျက် ခြင်ထောင်ကို ခြေမနှင့်ညှပ်၍ ဆွဲချသည်။ နံရံကပ် မီးခလုတ်ကို လှမ်းပိတ်၏။

စိုးအောင် အိပ်ပြီ။ ထိုစဉ်...

ဟယ်လင် အခန်းတွင်းသို့ ဝင်လာ၏။

*

mgyoe.com

m·gyoe.com SAMPLE BOOK


ကိုယ်ကိုကျုံ့၍ စောင်းလိုက်သည်။

သူ့လက်ထဲမှာ နိုင်လွန်ခြေအိတ်တစ်ဖက်၊ ထိပ်ဖျားထဲမှာ သဲထည့်၍ ထုံးထား၏။ ဆွဲဆန့်ထား၍ ခြေအိတ်သည် တစ်တောင်ခန့် ရှည်လျားနေသည်။

တစ်ကိုယ်လုံး အနက်ဝတ်ထားသူကို အစောကြီးကတည်းက သူမြင်ရ၏။ ဘန်ဂလိုပေါ် တက်လာသည်။ ထို့နောက် စိုးအောင်၏ အခန်းဝကို ခြေသံလုံလုံဖြင့် ကပ်သည်။ တံခါးရွက်ကို တွန်းမဖွင့်မီ နားနှင့်ကပ်၍ နားထောင်သည်။ တံခါးရွက်ကို ဆတ်ခနဲ တွန်းဖွင့်ပြီး လက်ဆန့်တန်း ချိန်ရွယ်ပစ်လိုက်သည်။

ထုတ်… ထုတ် နှစ်ချက်။ အသံထိန်းပြောင်းပိုတပ်ထားသော သေနတ်နှင့် နှစ်ချက်ဆင့်ပစ်ထည့်လိုက်သည်။ ဟာ… ပါးစပ်က မတိုးမကျယ် အံ့သြသံထွက်လာ၏။

အိပ်ရာပေါ်မှာ စိုးအောင် မရှိ။ စောင်နှင့် ခေါင်းအုံးကို လူပုံလုပ်၍ ခြင်ထောင်ချထားသည်။ စိုးအောင် အခန်းဝရှိ ကြေးပန်းအိုးကြီးဘေးတွင် ကပ်နေသည်။ ပန်းအိုးကြီးထဲမှာ မယ်တော်ကြီးဂမုန်းပင်ကြီး လူတစ်ရပ်ခန့်ရှိမည်။

ပစ်ပြီးမှ စိုးအောင် မရှိမှန်း သိသွားသည်။ အံ့သြသံထွက်လာပြီး ချက်ချင်း နောက်ပြန်လှည့်ထွက်လိုက်သည်။

စိုးအောင် သဲအိတ်နှင့် ပတ်ရိုက်လိုက်သည်။ သေနတ်ကိုင် လက်ဆစ်ကို လက်ဝါးစောင်းနှင့် ဆတ်လိုက်သည်။ တစ်ဆက်တည်း ငိုက်ကျလာသော သူ၏ ရင်ဝကို ဒူးဖြင့်ဆီးထောက်လိုက်သည်။

နောက်စေ့ကို သဲအိတ်မိသွားရုံမက အရှိက်ကိုလည်း ဒူးဝင်သွားသောကြောင့် သေနတ်သမား မှောက်ကျသွားသည်။ သတိမရတော့…

"ခင်ဗျားရဲ့ ရှေးဟောင်းသုတေသနလုပ်ငန်းဟာ စိတ်ဝင်စားစရာပါလား ဒေါက်တာ"

စိုးအောင် ပြောလိုက်သော်လည်း မှောက်ခုံလဲကျနေသော ဒေါက်တာ မွန်ရှီ ကြားမည်မဟုတ်။

ကြမ်းပေါ်ကျနေသော ရွှေကိုင်းမျက်မှန်ဝိုင်းဝိုင်းကလေးကို ကောက်၍ ယူထားလိုက်သည်။ သေနတ်ကို ကောက်ယူသည်။ ဝေါ်တာပီ ၃၈ အမျိုးအစားဖြစ်သည်။ သေနတ်ကို ဒေါက်တာမွန်ရှီ၏ ဘောင်းဘီကြားတွင် ထိုးထည့်ပေးလိုက်သည်။

ထို့နောက် ဒေါက်တာမွန်ရှီကို ဆွဲယူ၍ ပခုံးပေါ် ကန့်လန့်ဖြတ်ထမ်းသည်။ အပြင်ဘက်က အရိပ်အခြည် အသံဗလံကို အကဲခတ်၍ ခဏမျှစောင့်သည်။ ထို့နောက်

mgyoe.com

mgyoe.com SAMPLE BOOK


နောက်ဖေးပေါက်မှ တိတ်ဆိတ်စွာ ဆင်းသွားသည်။

ဒေါက်တာမွန်ရှီနေသော အခန်းထဲသို့ ရောက်အောင်ပို့၍ မဖြစ်သောကြောင့် ဘန်ဂလိုအောက် မှောင်ရိပ်တစ်နေရာတွင် တိုင်ကိုမိုကာ အသာအယာ ချထားခဲ့၏။

ဘန်ဂလိုထဲမှာ အိပ်မော်ကျနေသူများ အခြေအနေကို စောင့်၍ကြည့်သည်။ ဘာမှလှုပ်လှုပ်ရှားရှား မတွေ့ရ၊ စိုးအောင် အတန်ကြာ စောင့်နေသေး၏။ ငြိမ်သက်နေသည်၊ သူ့လက်ပတ်နာရီကို အမှတ်မထင် ကြည့်မိ၏။

မီးစုန်းလက်တံနှင့် မီးစုန်းအစက်များ တောက်ပကြည်လင်နေကြ၏။ ည ၂ နာရီ ၃ မိနစ်၊ ဂဏန်းကွက် ပေါ်နေသော ဒစ်ဂျစ်တယ်နာရီကို စိုးအောင် မကြိုက်။ ရှေးရိုးအတိုင်း လက်တံနှင့် နာရီကိုသာ သူ ပတ်လေ့ရှိသည်။

ပိုစိ ခေတ်သိပ်မဆန်လွန်းသော်လည်း တစ်ပတ်ရစ် မော်တော်ကား တစ်စင်းလောက် နီးနီးပေးရသော 'ပါတတ်ဖိလစ်' နာရီဖြစ်သည်။ အင်း... ည ၂ နာရီတောင် ရောက်ပြီပဲ။ တကယ်လို့သာ ငါ အခန်းပြောင်းပြီး မအိပ်မိရင် ဒီအချိန်မှာ စိုးအောင် ဆိုတဲ့အကောင် ဒီလောကက ထာဝရ ဆောရီးဖြစ်သွားပြီ၊ သိသိနဲ့ပဲ မှင်သေသေ ဟန်ကောင်းကောင်းနဲ့ စခန်းသွားရဦးမှာပဲလေဟု သူ တွေးမိသည်။

သူ ဘန်ဂလိုကို ပြန်လာသည်။ နောက်ဖေး လှေကားမှပင် တက်၏။ ခေါင်းအုံးနှင့် စောင်ပုံကြားမှ ကျည်ဖူးနှစ်တောင့် ရှာယူလိုက်သည်။ အသံထိန်းပြောင်း ပိုကြောင့် အံရှိန်သိပ်မများ။ ခေါင်းအုံးအတွင်းမှာ အရှိန်သေ၍ ဝပ်နေသော ကျည်နှစ်တောင့်ကို အသေအချာသိမ်းလိုက်သည်။ ထို့နောက် စိုးအောင် အိပ်ရာပေါ်သို့ လှဲချလိုက်သည်။

သူ ပြန်အိပ်ဖို့ စိတ်မကူးတော့...

နောက်တစ်ခေါက် ပြန်လာပြီး လုပ်ကြံဖို့ ကြိုးစားလျှင် သူ့လက်စွဲ ကိုးမိလီမီတာ ဘရောင်နင်၏ သစ်သားကွက်စိပ်များ ဖော်ထားသောဒင်ကို ယုယစွာ ပွတ်သပ်ရင်း ပြုံးနေလိုက်သည်။

*

စိုးအောင် ဒေါက်တာမွန်ရှီ၏ မေ့နေသော ခန္ဓာကိုယ်ကြီးကို ပခုံးပေါ် ကန့်လန့်ဖြတ်ထမ်း၍ လာနေကတည်းက ယူရီသည် သူ့အခန်း၏ ခန်းဆီးစကို အသာလှစ်ကြည့်နေ၏။

ဘန်ဂလို တိုင်ခြေရင်းတွင် မွန်ရှီ၏ ကိုယ်ကြီး ချထားသည်ကိုလည်း မြင်၏။

mgyoe.com

mgyoe.com SAMPLE BOOK


စိုးအောင် အသာချ၍ နားစွင့်နေသည်ကိုလည်း မြင်၏။ သူ့ဘက်ဂလိုသို့ ပြန်သွားသည်ကိုလည်း မြင်၏။ ထို့မျှသာမက...

ညဥ့်ဦးယံပိုင်းက ဟယ်လင် စိုးအောင်ထံ သွားသည်ကိုလည်းကောင်း၊ ပြန်လာသည်ကိုလည်းကောင်း ယူရီ စောင့်ကြည့်နေ၏။

ယူရီမလှုပ်၊ သူ့နှုတ်ခမ်းမွေးကုပ်ကုပ်ကြီးကို လက်မ၊ လက်ညှိုးဖြင့် ဖြန့်၍ သပ်နေရင်း ငြိမ်သက်စွာ ကြည့်နေ၏။

စိုးအောင် သူ့အခန်းပြန်ရောက်၍ မီးမှိတ်လိုက်မှ ခန်းဆီးစကို အသာချ၍ သူ့ အိပ်ရာထဲသို့ သူပြန်ဝင်ကာ လှဲလိုက်သည်။

အမှောင်ထဲမှာ ယူရီလည်း ပြုံးနေ၏။

*

မနက် ရောင်နီလာချိန်အထိ စိုးအောင် မအိပ်ဘဲ လှဲနေသည်။

အပြင်ဘက်မှ အရောင်ပျပျလင်းသည်နှင့် ကမ်းစပ်သို့ ဆင်းခဲ့သည်။ ရေသည် နွေးလျက်ရှိ၏။

ရေအတော်နက်သည့် နေရာအထိ သွား၏။ အတန်ကြာ ရေစိမ် ကူးခပ်နေသည်။ အမှောင်မလင်းတလင်း၊ ညခင်းမပြယ့်တပြယ်တွင် အဝါရောင် ရေကူးဝတ်စုံနှင့် ဟယ်လင် လာနေသည်။

စိုးအောင် လှမ်းအော်၍ နှုတ်ဆက်လိုက်၏။

ဟယ်လင် သူ့ထံသို့ တန်းတန်းမတ်မတ် လာသည်။

ညအချိန် ကုန်းမြေသို့ အလည်လာသော ပင်လယ်နတ်သမီး၊ နံနက်ရောင်ခြည် ပြူချိန်တွင် ပင်လယ်အတွင်းသို့ ပြန်ဆင်းလာသည်ဟု စိတ်ကူးယဉ်လိုက်မိသည်။ သူ့စိတ်ကူးကိုသူ သဘောကျ၍ မြတ်သစ်နှင့်တွေ့မှ ငါ ဘယ်လောက်ကဗျာဆန်သလဲ ဟု ပြန်ပြောပြရန် မှတ်သားထားလိုက်သည်။

"စိုး..."

ဖြာထွက်လွင့်စဉ်သွားသော ရေစက် ရေပေါက် ရေပန်းများနှင့်အတူ ဟယ်လင်၏ ကိုယ်လုံးသွယ်သွယ်လေးကို ဆီးယူပွေ့ဖမ်းလိုက်သည်။

တောင်စွယ်စွန်းမှ နေဝန်း ထွက်ပေါ်လာသည်အထိ သူတို့ ပင်လယ်ရေထဲတွင် ရှိနေကြသည်။

*

mgyoe.com

SAMPLE BOOK


နံနက်စာ စားပွဲကို သူတို့ မမီလိုက်။ ယူရီနှင့် လူထွားကြီး ဆီဂိုင်းတို့နှစ်ယောက် နံနက်စာ ကော်ဖီနှင့်မုန့် စားပြီး၍ ရေချိုးဆင်းရန် ထွက်ခွာသွားကြ၏။

နံနက်စာ စားပွဲမှာ ငူတူတူ ငိုင်တိုင်တိုင် ထိုင်နေသူမှာ ဒေါက်တာမွန်ရှိ။

"ဟဲလို... ဒေါက်တာ၊ ကောင်းသော နံနက်ခင်းပါ၊ ညက ကောင်းကောင်းအိပ်ရရဲ့လား"

စိုးအောင်က ဆံပင်စပ်မှ ရေများကို လက်ဖြင့်သပ်ရင်း ပြုံးရွှင်ဖော်ရွေစွာ နှုတ်ဆက်လိုက်၏။

မေးရာတွင် "ကောင်းကောင်းအိပ်ရရဲ့လား" ဟူသော စကားကို တမင် အလေးအနက်ပြု၍ မေးသည်။ ကောင်းကောင်းဟူသော... စကားရပ်၏ အဓိပ်အနက်ကို ဒေါက်တာမွန်ရှိ ကောင်းကောင်းသိပါလိမ့်မည်။

ဘာမှပြန်မပြော၊ စိုးအောင်ကို မော့ကြည့်သည်။ ဒေါက်တာမွန်ရှိ၏ အကြည့်မှာ တိုးလျှိုပေါက်အကြည့်ဟု တင်စားနိုင်သည်။ ဘာအမူအရာမှမရှိ။ စိုးအောင် မျက်နှာကို ကြည့်သော်လည်း စိုးအောင်ကို မမြင်၊ စိုးအောင် မျက်နှာကို ဖောက်ထွင်း၍ နံရံကိုသာ ကြည့်နေသည်နှင့် တူ၏။

ခေါင်းတစ်ချက်ညိတ်၍ ထရပ်ကာ ကုလားထိုင်ကို ရွှေ့သည်။

"ဒီမှာ... ခင်ဗျားရဲ့..."

စိုးအောင် စကားမဆက်၊ "ခင်ဗျားရဲ့" ဟု ရပ်ထားပြီး ရွှေကိုင်းမျက်မှန်ကို လက်ဖြင့် အုပ်ပေး၏။ မွန်ရှိက ဆတ်ခနဲ ဆွဲယူသည်။ တစ်စုံတစ်ခု ပြောမည်လုပ်ပြီးမှ မပြောဘဲ ချာခနဲ လှည့်ထွက်သွား၏။

စိုးအောင်သည် သူလုပ်နေကျ ဟန်အမူအရာဖြင့် ခေါင်းကို နောက်လှန်ကာ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။

"စိုး... ဘာသဘောကျနေတာလဲ"

ဆံပင်ရေမခြောက်တခြောက်ကို လက်ဖြင့်သပ်ရင်း ဟယ်လင် ဝင်လာသည်။

လင်းပိုင်ဂျင်းဘောင်းဘီရှည်နှင့် တီရှပ်အဝါရောင်ပေါ်တွင် ပထမတန်းစားဟူသော စာလုံးအနက်နှင့် လှသည်။ သိပ်လှသည်ဟု စိုးအောင် ဥဒါန်းကျူးမိသည်။

"ဒေါက်တာ မွန်ရှိက ပြောတယ်၊ ချောင်းသာယာကမ်းခြေဟာ ပတ်ထရာကမ်းခြေထက် ဆယ်ဆလောက်သာတယ်တဲ့"

"ဟုတ်တယ်၊ မှန်တာပဲ၊ ဒါ ရယ်စရာလား"

mgyoe.com

 mgyoe.com SAMPLE BOOK 

"ဒါ ရယ်စရာတော့မဟုတ်ဘူး၊ ဒါပေမဲ့ ငါ ရယ်ချင်လို့"

"စိုး... ရန်ကုန်ပြန်ရောက်ရင် စိတ်ရောဂါကု ခွဲစိတ်ပညာရှင်တစ်ယောက်နဲ့ တွေ့သင့်ပြီ"

"ဟုတ်တယ်၊ မနေ့ညက ငါ အချစ်နတ်သမီးကလေးတစ်ပါးနဲ့ တွေ့ခဲ့ရလို့ ရူးသွားပြီ"

ဟယ်လင် မျက်ဝန်းကို ရွှေ့လျားစေ၍ မျက်စောင်းထိုးသည်။

ဘယ်တိုင်းပြည်က မိန်းမဖြစ်ဖြစ်၊ မိန်းမတွေဟာ မူမူနွဲ့နွဲ့ မျက်စောင်းထိုးတတ်ကြပါကလား၊ မြန်မာအမျိုးသမီးတွေသာ မျက်စောင်းထိုးတတ်တယ်လို့ ငါ ထင်ထားမိတာ၊ ငါ တယ်တုံးပါလား၊ စိုးအောင် အပြေးအလွှား တွေးလိုက်မိ၏။

သာမန်လူအဖို့ဆိုလျှင် ဟယ်လင် ထိုးလိုက်သော မျက်စောင်းလှလှသည် တစ်နေ့တာ ၂၄ နာရီပတ်လုံး ကတုန်ကယင်ဖြစ်စေရန် လုံလောက်သော မျက်စောင်းဖြစ်သည်။

ဘယ်ရမလဲကွာ၊ ငါ့နာမည် စိုးအောင်တဲ့။ ဒီလိုမျက်စောင်းမျိုးနဲ့ လာလို့ ဘာရမလဲဟု စိတ်ထဲက ကြုံးဝါးနေသော်လည်း သူကိုယ်တိုင် ကတုန်ကယင်ဖြစ်သွားကြောင်း သူ့ဘာသာသူ သိလိုက်၍ ကျိတ်ရှက်နေသည်။

ရှောက်သီးအခွံနှင့် ထိုးထားသော ယို (မာမလိတ်) ကို ဖန်အုပ်ထဲမှ စားပြားလေးနှင့်ကော်၍ ပေါင်မုန့်မီးကင် ကြွပ်ကြွပ်ရွရွတစ်ချပ်ကို အနှံ့သုတ်လိမ်းပြီး ဟယ်လင်ကို ကမ်းပေးသည်။

ကျေးဇူးဟု တစ်ခွန်းပြော၍ ယူသည်။

စိုးအောင်ကတော့ သူတို့နှင့်အတူ စပယ်ရှယ် လိုက်ပါလာသော စားဖိုမှူး ရဲဘော်များ စီစဉ်ပေးသည့် ကြက်ဥ ထမင်းကြော်ကိုသာ စားနေသည်။

နိုင်ငံခြားသားတွေရှေ့မှာ တမင်တကာ မြန်မာအစားအစာ၊ မြန်မာဆေးလိပ်၊ မြန်မာအသုံးအဆောင်များကို စားသောက်သုံးစွဲတတ်သောအကျင့် စိုးအောင်တွင် ရှိသည်။ ထို့ပြင်လည်း ထမင်းကြော်ကို သူ့တကယ်ကြိုက်သည်။ ဖြစ်နိုင်ပါလျှင် စားတော်ပဲပြုတ်ကလေး ပါစေချင်သည်။

စားတော်ပဲပြုတ်မရှိ၍ ကြက်ဥနှင့်ကြော်ပေးသော မြန်မာထမင်းကြော် နန္ဒင်းဝါဝါ တစ်ဇွန်းကိုအရသာခံစားရင်း ဟယ်လင်၏မျက်နှာကလေးကို အရသာခံကြည့်နေ၏။

"ဘာကြည့်နေတာလဲ... ဘာကိုကြည့်နေတာလဲ"

mgyoe.com

ဟယ်လင်က မေးသည်။ အင်း... မြန်မာမကလေးတွေလည်း ဒီမေးခွန်းမျိုး သိပ်မေးတတ်တာပဲ။ ဖော်မြူလာ နံပါတ်ဝမ်း။ ပုံသေနည်း အမှတ်တစ်အရ စိုးအောင် ဖြေလိုက်သည်။ ဘယ်ရမလဲကွာ၊ စိုးအောင်ပါတဲ့။

"မင်း သိပ်လှလို့ ကြည့်နေတာပါ"

ဟယ်လင် ပေါင်မုန့်စားနေရာက အစား ရပ်သွား၏။ စိုးအောင်ကို ကြည့်၍ ပြုံးသည်။ ထို့နောက် မျက်လွှာချသွားသည်။

ထိုအပြုံးအဓိပ္ပာယ်ကို ဘာသာပြန်စေလျှင် ဘာထွက်လာမည်မသိ။ "လှလည်း မလှဘဲနဲ့... လူကြီးကိုက" ဟု ဘာသာပြန်လို့ ရလေမလား...။

အင်း... ခုတ်ကတော့ ရှုပ်ဦးမည်။ မြတ်သစ် ပြောဖူးသော စကားကို သတိရ သေး၏။

"စိုးအောင် မင့်လက္ခဏာမှာ သောကြာ ခါးပတ်တော့မပါဘူး၊ သောကြာ နတ်သမီး အတွင်းခံဘောင်းဘီပဲ ပါတယ်ကွ" ဟု မြတ်သစ် သူ့ကို တွယ်ဖူးသည်။ မြတ်သစ်စကားကို လက္ခဏာဆရာတွေသာ ကြားရင် ဘယ်လောက်စိတ်ဆိုးလိုက်ကြ မလဲ မသိ။

"စိုး..."

"ဘာလဲ... ဟယ်လင်..."

"ယူရီ ပြဿနာ စဉ်းစားပြီးပြီလား။ ဘယ်လိုစဉ်းစားထားသလဲ..."

စိုးအောင် ခေါင်းထဲက ဦးနှောက်ဟုခေါ်သော စက်ကိရိယာသည် လျှင်မြန်စွာ လှုပ်ရှားသွားသည်။ ပေါ့ပေါ့ဆဆ ဖြေလို့မဖြစ်။

"ငါ စဉ်းစားထားပါတယ်"

"ဘယ်လိုထင်သလဲ၊ စိုးရဲ့ ဝေဖန်ချက်က ဘာလဲ"

"ဝိတ်အင်ဆီး၊ စောင့်ကြည့်... ဒါပဲပေါ့"

"သိပ်နောက်ကျသွားမလား၊ သူ့ဟာ ခုတ်ပုံထဲက လူနဲ့ တစ်ခုခု အပေးအယူ လုပ်ထားခဲ့တယ်ဆိုတာ သေချာတယ်"

"မင်း ဘယ်လိုလုပ်သိသလဲ" ဟု မေးမည်လုပ်ပြီးမှ မမေးဘဲ နေလိုက်သည်။ ဟယ်လင်အတွက် ကော်ဖီထည့်ပေးသည်။ သူ့ပန်းကန်လုံးထဲသို့ ရေနွေးကြမ်း အပြည့် ထည့်၏။

"ငါ အစီအစဉ်လုပ်ပါဦးမယ်၊ လိုအပ်တဲ့အခါမှာ မင်းသိတာတွေ ငါ့ကို အကုန်

mgyoe.com

ပြောပြဖို့တော့ မင်း မမေ့ပါနဲ့"

ဟယ်လင်က ခေါင်းညိတ်သည်။

"ပြီးတော့လည်း ယူရီဟာ မင်းရဲ့ ဒီပတ်မင်တယ်ချိ(ဖ) ဌာန အကြီးအကဲ၊ မင်းရဲ့ဆရာဆိုတာလည်း ထည့်စဉ်းစား"

ဟယ်လင် ခေါင်းတစ်ခါ ထပ်ညိတ်သည်။ စကားမပြော၊ အလေးအနက် တွေးနေဟန်တူသည်။

"ကဲ... ငါတော့ ဗိုက်ပြည့်သွားပြီ။ စားဖိုဆောင်သွားပြီး မင်းတို့စားဖို့ ဟင်းအမျိုးအမည်စာရင်း သွားပေးဦးမယ်၊ အခန်းက စောင့်နေပါ။ ဟိုဘက်က တောစပ်အထိ ငါတို့ လမ်းလျှောက်သွားရအောင်..."

နံနက်စာ ကော်ဖီ စားပွဲမှာ ဟယ်လင်ကို ထားခဲ့၍ စိုးအောင် ထွက်သွားသည်။

ဟယ်လင်၏မျက်နှာကလေး ညှိုးနေသလိုလို၊ တင်းမာ ဒေါသထွက်နေသလိုလို...

*

"ပါကဒတ်... ကာပဒတ်"

"ပါဒကပါ ဆရာ"

"နင်ဝင်မရှည်နဲ့၊ ငါသိတယ်။ အဲ... အဲ ပါဒကရဲ့ ကိုယ်ရေးမှတ်တမ်းဖိုင် ပေးစမ်း"

သူ့ရုံးခန်းတွင်းမှာ မြတ်သစ် တစ်နေ့လုံးရှိနေ၏။ သူ့အတွင်းရေးမှူးမလေး သူ့စားပွဲရှေ့မှာ ရပ်နေ၏။

မြတ်သစ်သည် အမြဲတမ်း ပျော်ရွှင်နောက်ပြောင်နေတတ်သော်လည်း အလုပ်လုပ်ရာတွင် အလွန်စေ့စပ်တိကျ၏။ ပေါက်ကရ လုပ်နေတတ်သောကြောင့် မြတ်သစ်ကို အပေါ်ယံအားဖြင့် ပေါကြောင်ကြောင် ထင်နေရသော်လည်း သူ့အရည်အချင်းမှန်ကို သူနှင့်အတူ အလုပ်လုပ်ရသော လက်အောက်ငယ်သားများ သိကြ၏။

မြတ်သစ် အလွန်ဟောက်သည်၊ အလွန်ဆူသည်။ သို့သော် သူ့တပည့်များက သူ့ကို ချစ်ခင်လေးစားကြ၏။ အတွင်းရေးမှူးမကလေးသည် သူ့ရှေ့တွင် ရှိသေစွာ ရပ်နေ၏။

ဖိုင်တွဲကို လှန်၍ ဖတ်နေရင်း စားပွဲပေါ်တွင် တင်ထားသော သူ့ကွမ်းယာဘူး

mgyoe.com

SAMPLE BOOK

ကို လှမ်းယူသည်။ မကြည့်ဘဲ ယူသောကြောင့် လက်နှင့်တိုက်၍ ကွမ်းယာဘူးလေး အောက်ကျသွားသည်။

"ဘာလို့ ရပ်ကြည့်နေတာလဲ၊ ကွမ်းယာဘူး ကျသွားတာ မမြင်ဘူးလား၊ ကောက်ပေးရမှန်းမသိဘူး ဟင်း"

"ဆရာက ငါ့ကွမ်းယာဘူးကို မထိရဘူး ဆိုလို့ပါ"

"တောက်... ယောကျ်ားလေးသာဆိုရင် ငါ ၁၂ မျိုးလောက် ဆဲပြီးပြီ ဟင်း"

ကောင်မလေး ကွမ်းယာဘူးကို ကောက်ပေး၏။ လက်ချောင်းများတွင် ပေကျံ သွားသော ရှားစေးနှင့် ထုံးများကို ဘယ်သုတ်ရမှန်းမသိ၊ ဘာလုပ်ရမှန်းမသိဖြစ်နေ၏။ ကောင်မလေးလက်တွင် ရှားစေးတွေ ရဲသွားအောင် ပေနေ၏။

"လက်ပေသွားလို့ သုတ်စရာမရှိရင် နင့်ဆံပင် နင်သုတ်လိုက်၊ သွားတော့၊ ဟိုကောင်ဆီက ဖုန်းလာရင် ငါ့ဆီဆက်ပေး"

"ဟုတ်ကဲ့..."

"ပါ... ပါ... အဲ ပါဒကရဲ့ ဘဏ်စာရင်းတွေ ပြုစုထားတာ အခုယူခဲ့၊ ပြီးတော့ အက်(ဖ)အိုက ပုဂ္ဂိုလ်တစ်ယောက်လာရင် ငါ့ဆီကိုလွှတ်၊ ယခု ညနေပိုင်း ၅ နာရီ ၁၅ လာမယ်ပြောထားတယ်..."

"ဟုတ်ကဲ့..."

"ဟောင်ကောင် အမှတ် ၇၂ က တဲလက်(ကစ) ဝင်ရင် ငါ့ဆီချက်ချင်းယူခဲ့၊ သွားတော့"

"ဟုတ်ကဲ့"

မြတ်သစ် ဖိုင်တွဲကိုလှန်နေရင်း ကွမ်းယာကို ပါးစပ်ထဲသို့ ထည့်လိုက်၏။ ကွမ်းပလုတ်ပလောင်းစား၍ ဦးပါဒက၏ မှတ်တမ်းကို သဲသဲမဲမဲဖတ်နေသည်။

*

mgyoe.com

mgyoe.com
SAMPLE BOOK


## အခန်း (၃)

ည ၆ နာရီခွဲတိတိ စိုးအောင်ထံမှ ဖုန်းလာသည်။ မြတ်သစ်ထံ ဆက်ပေး၍ မြတ်သစ် ကိုင်သည်။

"ဟဲလို... ငါးရံ့၊ ငါးခူ၊ ငါးမြွေထိုး"

"ဟေ့ကောင် ပေါက်ကရတွေ အော်မနေနဲ့၊ တိုက်ရိုက်ဖုန်းကွ၊ ဘယ်သူမှ ဖြတ်နားထောင်လို့ မရဘူးဆိုတာ မင်းမသိဘူးလား"

စစချင်း ပေါက်ကရ ငါးနာမည်တွေ လျှောက်ရွတ်လို့ စိုးအောင် စိတ်တိုသွား၏။

"ငါးလင်ပန်း၊ ငါးခွေးရှာ၊ ငစိုးအောင်၊ ဘာအစီရင်ခံစရာရှိသလဲ။ မြန်မြန် သံတော်ဦးတင်စမ်း၊ နားဆင်တော်မူမယ်"

စိုးအောင် ဖုန်းထဲက ဆဲသည်။

"ဟား... ဒီကောင်... တယ်ရိုင်းပျပါကလား"

"ဟေ့ကောင်... နားထောင်၊ ငါ့ကို လုပ်ကြံတဲ့ကိစ္စ ယူရီ လုံးဝသိပုံမရ ဟန်ဆောင်တာဖြစ်ရင်လည်း ပထမတန်း ပိရိတယ်"

"အင်း..."

"အလွန်ထူးခြားတာက ကောင်မလေး သိပုံတစ်ချက် ပေါ်လွင်လာတယ်ဆိုတာ ထားတော့၊ ကောင်မလေး သိတာ သေချာတယ်၊ သံသယလမ်းကြောင်းက ကောင်မလေးဘက်ကို ပြောင်းသွားပြီ၊ ဟို ဒေါက်တာကတော့ အရက်တွေ နင်းသောက်ပြီး မှောက်နေပြီ၊ ဟို ဆီဂိုင်းဆိုတဲ့ ကောင်ကြီးက ကောင်မလေးကို စောင့်ကြည့်နေတာ

mgyoe.com

သေချာတယ်၊ ယူရိက ဘာမှဟန်မပျက်ဘူး။ ငါတို့ နောက်ထပ် နှစ်ရက်နေဦးမယ်"

"အင်း..."

"ပါဒကကိစ္စ မင်း ဘာလုပ်ထားသလဲ"

"မင်းခိုင်းထားတာ ငါ အကုန်လုပ်ထားတယ်၊ ပြောပြရမလား"

"ပြောမနေနဲ့၊ နေပစေ၊ ဟတ္ထက ဆိုတဲ့လူ မင်း ကြားဖူးလား"

"ဘယ်သူကွ"

"ဟတ္ထက"

"ဘာနာမည်လဲကွ"

"ပါဠိစကားပျက်ပေါ့ကွာ၊ အင်္ဂလိပ်နာမည် မှည့်သလို၊ ဖက်ရှင်ထွင်ပြီး ပါဠိစကားလုံးတွေ နာမည်မှည့်ကြတာပေါ့"

"ဟတ်... ဟတ်... အဲ၊ မကြားဖူးဘူး"

"မကြားဖူးရင် အခုမှတ်တမ်းရှာ၊ တွေ့တဲ့အချက် မူတည်ပြီး လုပ်သင့်တာလုပ်ထား၊ မနက် ၄ နာရီခွဲ ငါ ခေါ်ဦးမယ်"

"အင်း..."

"ဒါပဲ၊ ဘာပြောစရာရှိသေးလဲ"

"ဩော်... ဟော့ နေဦး၊ ဟိုနာမည် ဘယ်သူလဲ"

"နင့်ကြီးတော် ဟတ္ထကတဲ့၊ ပါဒကဆိုတာ ပါဠိစကားပျက်၊ ခြေထောက်လို့ အဓိပ္ပာယ်ရတယ်၊ ဟတ္ထကဆိုတာလည်း ပါဠိပျက်ပဲ၊ လက်လို့ အဓိပ္ပာယ်ရတယ်"

"ခြေထောက်နဲ့ လက်ပေါ့"

"အေး... ဟုတ်တယ်"

"ကောင်းပြီ၊ ဩော်... ဟော့ကောင် စိုးအောင်၊ ကောင်မလေး ဘယ့်နှယ်လဲ"

"ဘာကြောင်တာလဲဟ"

"ကောင်မလေးလေ၊ အဲဒီ မင်းနဲ့အတူရှိနေတဲ့ ကောင်မလေး၊ ချဉ်ရည်ဟင်းချက်သောက်ရင် ကောင်းမှာပဲ"

"ခွေးမသား"

ဖုန်းချသွားသည်။ မြတ်သစ်သည် စိုးအောင်နှင့် စကားပြောရင်း မမှတ်မိမှာစိုး၍ စာရေးစက္ကူနှင့် တိုက်၍ ရေးထားသော နာမည်ကို ဖတ်ကြည့်နေ၏။

"ဟတ္ထက"

mgyoe.com

mgyoe.com SAMPLE BOOK

"လူတွေဟာ သိပ်ခက်တယ်၊ နာမည်ရိုးရိုး မမှည့်ချင်ကြဘူး၊ စာလုံးအဆင့်တွေ၊ ပါဠိတွေပါမှ နာမည်မှည့်လို့ရမယ် ထင်နေကြတာ၊ ငါဆိုရင် ငယ်နာမည် ချက်ကြီး၊ ကြီးလာတော့ မြတ်သစ်၊ တော်ရောပေါ့ နှစ်လုံးဆိုရင်"

မြတ်သစ် တစ်ယောက်တည်း စူပွစူပွလုပ်ရင်း ဟတ္ထကဆိုသော လူကိုရှာဖို့ မှတ်တမ်းဌာနကို ဖုန်းဆက်လိုက်သည်။

*

"စိုးအောင်... မင်းနဲ့ ငါနဲ့ စကားပြောဖို့ လိုအပ်လာပြီ"

စားဖိုဆောင်ဘက်မှကွေ့၍ သူ့ဘန်ဂလိုရှိရာသို့ လမ်းလျှောက်လာစဉ် ယူရီနှင့်တွေ့၍ ယူရီက သူ့နှုတ်ခမ်းမွေးကြီးများကို လက်ဖြင့်သပ်ရင်း စိုးအောင်အနားကပ်လာပြီး ထိုသို့ ပြော၏။

"လိုအပ်ရင်ပြောပေါ့ ယူရီ"

အတူယှဉ်တွဲ လျှောက်လာ၏။ စိုးအောင် ခေါင်းထဲမှာ ယူရီကို သတိထား၍ စကားပြောရန် အချက်ပေး ခေါင်းလောင်းသံတွေ မြည်နေ၏။

"နည်းနည်းတော့ အချိန်ယူ ရှည်ရှည်ပြောရလိမ့်မယ်"

"တိုတိုဖြစ်အောင် ကြိုးစားပေါ့ဗျာ၊ ကျွန်တော် စကားကြောရှည်တဲ့လူကို သိပ်မုန်းတယ်"

စိုးအောင်က တမင်ရွဲ့၍ ခပ်သောသော ပြောသော်လည်း ယူရီက မျက်နှာတည်တည်ကြီးနှင့်ပင် အလေးအနက်ထားဟန် တူ၏။

"မင်းကို ဒေါက်တာမွန်ရှီက ဘာလို့လုပ်ကြံသလဲဆိုတာ မင်းသိသလား"

စိုးအောင်သည် ယူရီကို ဖျတ်ခနဲ ကြည့်၏။ သို့သော် သူ့မျက်နှာပေးပုံစံမှာ ခပ်ပြုံးပြုံး၊ ခပ်ပေါ့ပေါ့။

"မသိဘူး"

ခင်ဗျား ဘယ်လိုသိသလဲ၊ မနေ့တုန်းက အဖြစ်အပျက်ကို ဘယ်လိုသိသလဲ မေးနေဖို့မလို၊ ထို့ကြောင့် စိုးအောင် ရိုးရိုးပဲ ဖြေလိုက်သည်။

"ဟယ်လင်က မင်းကိုဘာပြောသလဲ"

"ကျွန်တော်ဟာ သိပ်စွဲမက်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက်လို့ ပြောတယ်"

mgyoe.com

mgyoe.com SAMPLE BOOK


"စိုးအောင် ရယ်စရာစကားပြောဖို့ အချိန်မဟုတ်တော့ဘူးကွ"

"သူပြောတာတွေ အများကြီးပဲ၊ အဲဒီထဲက ကျွန်တော် မှတ်မိတာကို ပြန်ပြောတာပဲလေ"

"ကောင်းပြီ၊ မင်းကတော့ သူ့ကို ဘာပြောသလဲ"

"ကျွန်တော်ကလား၊ အင်း..."

စဉ်းစားသလို အိုက်တင်လုပ်လိုက်၏။

"ကျွန်တော် သူ့ကို စကားတွေအများကြီး ပြောခဲ့တာပဲဗျာ..."

"အရေးကြီးတာ ပြောစမ်းပါကွာ"

ယူရီက စိတ်မရှည်သံ ပါသွား၏။

"အဲ... မင်း ပါးစပ်သိပ်လှတယ်လို့၊ မင်းအပြုံးဟာလည်း လှတယ်လို့၊ အဲ... အဲ ဒီအင်္ဂလိပ်စကား အဓိပ္ပာယ်သိရဲ့လား၊ သူ့အပြုံးဟာ တခြားဘယ်သူနဲ့မှမတူဘူး၊ သူ့မူပိုင်ပဲလို့ အဓိပ္ပာယ်ရတယ်"

"စိုးအောင် ငါ သေချင်တယ်ကွာ"

မြန်မာရေ အကုန်လည်၍ မြန်မာစကားကို မွတ်နေအောင် ပြောတတ်သော ယူရီက သေချင်တယ်ဟု ညည်းလိုက်၏။ စိုးအောင် သဘောကျ၍ အော်ရယ်လိုက်သည်။

ယူရီက စိုးအောင် လက်မောင်းကို အားမလို အားမရဖြင့် လှမ်း၍ ဆုပ်ကိုင်လိုက်သည်။

"မင်း မသိတာတွေ ငါ ပြောပြမယ် စိုးအောင်၊ အူကြောင်ကြောင် လုပ်မနေနဲ့၊ ဒါဟာ သိပ်အရေးကြီးတယ်..."

အရယ်ရပ်၍ ယူရီကို တည့်တည့်ကြည့်လိုက်ပြီး စိုးအောင် ခေါင်းညိတ်သည်။

"လာ... ဟိုနားက အုန်းပင်စုစုလေးကို သွားရအောင်၊ အဲဒီမှာ ငါ မင်းကို အကုန်ပြောပြမယ် ဟုတ်လား..."

"သွားလေ၊ ခင်ဗျားပြောရင် ကျွန်တော် နားထောင်ရမှာပေါ့"

ခပ်ဝေးဝေး လမ်းကွေ့မှာရှိသော အုန်းပင်စုစုကလေးသို့ သွားကြသည်။ ထိုနေရာတွင် ထိုင်ကြ၏။

တစ်နာရီနီးပါး ယူရီက စိုးအောင်ကို စကားတွေ ပြောပြနေ၏။

စိုးအောင်သည် သူမသိသော အချက်တော်တော်များများ သိလိုက်ရ၏။

*

mgyoe.com

mgyoe.com SAMPLE BOOK


နောက်တစ်နေ့မနက် မိုးလင်းသောအခါ...

ဟယ်လင် စိုးအောင်ထံသို့လာသည်၊ အိပ်ရာထဲမှာ အပျင်းကြောဆွဲ၍ မထဘဲနေသော စိုးအောင်ကို အတင်းအကျပ် အိပ်ရာမှ ထစေ၏။

အတင်းအကျပ် ဆွဲငင်၍ ရေချိုးဆင်းရန် ခေါ်သည်။

စိုးအောင်က အိအိအအလုပ်၍ အိုက်တင်ခံကာ မလိုက်ချင် လိုက်ချင် လိုက်ရသော ပုံစံမျိုးနှင့် လိုက်လာ၏။

နံနက်ခင်း အေးမြလတ်ဆတ်ခြင်းနှင့်အတူ စိုးအောင်သည် ဟယ်လင်၏ ဝင်းဝါစိုပြည်သော အလှအပများကို မျက်လုံးနှင့် သောက်သုံးဝါးမျိုလိုက်၏။

အင်း... ကိလေသာတွေ၊ ကိလေသာတွေ၊ ဒီကိလေသာတွေကြောင့် မြက်ခြောက်ထုံးကို ဝါးတဲ့နွားလို အဝါးမရပ်နိုင်ဘဲ၊ သံသရာတစ်လျှောက်လုံး တရစပ်စားနေရတာပါပဲလားဟု စိုးအောင် တွေးမိသည်။ သို့သော်လည်း သူ့ရှေ့က လျှောက်သွားနေသော လှုပ်လှုပ်လီ ယိမ်းနွဲ့ လှုပ်ရှားသော ဟယ်လင်၏ အလှအပများကို မြက်ခြောက်ထုံး၊ ကောက်ရိုးထုံးလို စိုးအောင် မမြင်။ သဘာဝတရားဆိုသော ဟာကြီးက လောက သာယာစိုပြည်အောင် ဖန်တီးပေးထားသော အလှအပ အစုအဝေးဟုသာ သူမြင်နေ၏။

သဲမြေမွမွပေါ်မှာ ဖွဖွကလေးလမ်းလျှောက်သွားသော ဟယ်လင်၏ခြေထောက်ခြေတံရှည်များကို အနိဋ္ဌာရုံတွေပါလားဟု စိုးအောင် ဆင်ခြင်ကြည့်သည်။ မရ...။

ခြေတံရှည်မလေးသည် ရေစပ်မှာ ရပ်၏။ ခြေတစ်ချောင်းကို ဖွဖွကွေးကွေးထောက်ထား၏။ အရှိန်နှင့် ပြေးလာသော လှိုင်းခေါင်းဖြူတန်းသည် ဟယ်လင်၏ ခြေရင်းတွင် ဖြာထွက်ပြန့်ကျဲသွား၏။ ခြေချင်းဝတ်ပတ်လည်မှာ ရေမြှုပ်ဖွေးဖွေးတွေ ပုလဲလုံး၊ ရွှဲလုံးများ လိမ့်ပစ်လိုက်သလို ဖွေးသွားသည်။

အင်း...။ စိုးအောင် သက်ပြင်းတစ်လုံး ချလိုက်မိ၏။ သည်ခြေတံမျိုးနဲ့သာ ပတ်ကန်လိုက်ရရင် တစ်ဖက်လူခေါင်းပေါ် ငိုးခနဲ ကျော်သွားမှာပဲဟု ဘာမှမဆိုင်သော အတွေးကို အလွန်ကဗျာဆန်စွာ တွေးလိုက်မိ၏။ သူ့ဘာသာသူလည်း သတိရသည်။ မြတ်သစ်က စိုးအောင် မင်းဟာ ရိုမင်းတစ်မဖြစ်တဲ့ကောင်ပဲဟု ပြောလည်းပြောစရာ။

သူ့ရှေ့မှာ ရပ်နေသော အသွေးအသားနှင့် သက်ရှိထင်ရှား အက်ဖရိုဒိုတီ အလှနတ်သမီးလေးကို ကြည့်၍ အလွန်ကဗျာမဆန်စွာ တွေးလိုက်မိသောကြောင့် သူ့ဘာသာသူ ပြုံးမိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

သွယ်လျသော လက်နှစ်ဖက်ကို ခေါင်းပေါ် မြှောက်၍ ကိုယ်လုံးကလေးကြွ ခြေဖျားကလေးထောက်ကာ ပင်လယ်အရပ်မှလာသော လေကို ဝဝရှုနေ၏။ ပင့်၍ ကြွတက်လာသော ဟယ်လင်၏ အလှသည် လောကအားလုံး အသက်ရှုရပ်သွားစေသည် ထင်ရ၏။

စိုးအောင်သည် စောစောစီးစီး ကြက်သွန်ဖြူရှုမိသော ဘဲငန်းကြီးလို လည်ပင်းကြီးစောင်း၍ ငေါင်နေသည်။

"စိုး..."

နောက်လှည့်မကြည့်ဘဲ ဟယ်လင်ခေါ်သည်။ မြန်မာနားထဲမှာတော့ ယောကျ်ားတစ်ယောက်၏ နာမည်ကို တစ်လုံးတည်း အဖျားဆွတ်ခေါ်ခြင်းက အထာမကျလှ။

"ဘာလဲ... ဟယ်လင်"

"မွန်ရှီ သေသွားတာ သိလား"

ပါးစပ်ဟသွားသည်။ စိုးအောင် မျက်နှာပေါ်မှာ အုံ့ညြသော အရိပ်အယောင် လျှင်မြန်စွာ ပျောက်ကွယ်သွား၏။

"မသိဘူး"

"သူ့အခန်းထဲမှာ သေနေတယ်၊ နှလုံးသွေးရပ်သွားပြီး သေတာလို့ ပြောတာပဲ"

"ဘယ်သူက ပြောလဲ"

"ယူရီက ပြောတယ်၊ ဘာဒဏ်ရာဒဏ်ချက်မှလည်း မတွေ့ဘူးတဲ့"

သိပ္ပံနှင့် နည်းပညာ အလွန် ထွန်းကားသော ခေတ်ဖြစ်၍ ကောင်းသည့်ဘက်မှာရော၊ မကောင်းသည့်ဘက်မှာရော အစစ တိုးတက်နေပြီ။

စုံထောက်ကြီး ရှားလော့ဟုမ်းသာရှိလျှင် သူ့အလိုအလျောက် လက်မြှောက်အရှုံးပေး၍ စုံထောက်အဖြစ်မှ အပြီးအပိုင် အငြိမ်းစား ယူသွားလောက်အောင် သဲလွန်စမကျန် ပိရိသော လူသတ်မှုတွေ ရှိတတ်၏။ သေသူကို ကြည့်ရုံနှင့် တရားခံသိသွားသည့် စုံထောက်ကြီးတို့ခေတ်သည် ဒုတိယကမ္ဘာစစ်၏ ဟိုဘက်တွင် ကျန်ခဲ့ပြီ။

"မင်း ဘယ်လို ထင်သလဲ၊ မင်းအထင်ကို ပြောစမ်းပါ"

ဆတ်ခနဲ နောက်သို့ လှည့်လိုက်၏။ နက်မှောင်သော ဆံပင်များ လှုပ်ခါသွား၏။ ရွှေမျက်နှာ ဝင်းဝင်းပပပေါ်မှာ လှောင်ရိပ်သန်းသော အပြုံးစတစ်ခု ခိုတွဲနေ၏။

"ကျွန်မအထင်ကတော့ ရှင်ဟာ သိပ်စွဲမက်စရာကောင်းတဲ့သူတစ်ယောက်ပါပဲ"

mgyoe.com

တောက် ကမြင်းမ၊ ခွေးတိရစ္ဆာန်မ၊ ဗိုင်းတာမ၊ ဟိုသင်း ဒီတင်းမ။ စိုးအောင် စိတ်ထဲက ကျိန်ဆဲပစ်လိုက်သည်။

"ငါလည်း မင်းကို ဒီလိုပဲ ထင်တာပါပဲ... ပျားရည်မကလေးရယ်"

ငွေဆည်းလည်း ၁၀၀၀ ကို သံစဉ်ညှိ၍ တစ်ပြိုင်နက် တီးခတ်လိုက်သလို ဟယ်လင် ရယ်မော၏။

စိုးအောင်သည် ဟယ်လင်အနီးသို့ ကပ်သွား၍ ပခုံးကို အသာအယာကိုင်လိုက်သည်။

"ဟေး... ဟေး"

ဘန်ဂလို ဝရန်တာမှ ယူရီက လှမ်းခေါ်သည်၊ လက်ယပ်ခေါ်၏။

"စိုးအောင်... လာခဲ့ပါဦး"

ဟယ်လင်၏ ပခုံးပေါ်တင်ထားသော လက်ကိုချသည်။

"ငါသွားလိုက်ဦးမယ်၊ ယူရီက ဘာပြောစရာရှိသလဲ မသိဘူး"

"အို... စိုး မသွားပါနဲ့၊ ရေကူးရအောင်ပါ"

"မဟုတ်သေးဘူး၊ ငါ သွားမှဖြစ်မယ်"

"လူတစ်ယောက် သေသွားတာ ဆန်းသလား၊ နှလုံးရောဂါဖြစ်မှာပေါ့"

"ငါသွားမယ် ဟယ်လင်"

"အိုး... ရပ်ဗစ်(ရှ)..."

ဟယ်လင်က အလိုမကျစွာ ရေရွှတ်၍ ရေထဲသို့ ပြေးဆင်းသွား၏။ စိုးအောင် ဘန်ဂလိုသို့ ပြန်လာခဲ့သည်။

*

"လူသေတယ်ဆိုတာ မဆန်းပါဘူးကွာ၊ အားလုံးဟာ အနိစ္စတွေပဲ..."

ပရိတ်ကြီး ၁၁ သုတ်ကုန်သော ယူရီက အနိစ္စတရားကို စကိုင်၍ပြော၏။ စိုးအောင်က ဒေါက်တာမွန်ရှီ၏အလောင်းကို ကြည့်နေသည်။ ထို့နောက် ယူရီကို ကြည့်၍ မေးသည်။

"ဆိုင်ယာနိုက်... လား"

"ဆိုင်ယာနိုက်ရဲ့ လက္ခဏာမတွေ့ရဘူး"

"ကျွန်တော် ရန်ကုန်ကို အမြန်ဆက်သွယ်ရမယ်။ ခင်ဗျား ဘာလုပ်မလဲဆိုတာ

mgyoe.com

mgyoe.com SAMPLE BOOK


စဉ်းစားပါ။ အင်းလေ... စဉ်းစားစရာမလိုပါဘူး။ ကျွန်တော်တို့ ရန်ကုန် အမြန်ပြန်ကြရုံပေါ့..."

စိုးအောင် တယ်လီဖုန်းရှိရာသို့ သွားသည်။

"မြတ်သစ်"

"ပြောပါဟ... ငါ နားထောင်နေပါတယ်"

"ပြဿနာက သိပ်ရှုပ်နိုင်တယ်၊ ဟတ္တကနဲ့ ပါဒက နှစ်ယောက်စလုံး ပိုပြီး တင်းတင်းကျပ်ကျပ် စောင့်ပါ။ ငါမှာထားတဲ့ လုပ်စရာရှိတာတွေ အကုန် စေ့စေ့စပ်စပ် လုပ်ထားပါ။ နောက်ထပ်တစ်ခု သေသေချာချာမှတ်။ ဦးသီသ၊ သီသ..."

"သီသ... အင်း"

"အဲဒီ ဦးသီသကိုလည်း ဟိုလူနှစ်ယောက်လို တင်းတင်းကျပ်ကျပ် စောင့်ကြည့်။ ကမ္ဘာအေးမှာ နေတယ်၊ ရှာဖို့ မခက်ဘူး။ အထင်ကရ နာမည်ကြီးပဲ"

"ဟိုလူနှစ်ယောက်ဆိုတာ ဟိုသဒ္ဒါနည်းမကျနဲ့ ပါဠိနာမည်နဲ့ လူနှစ်ယောက်လား..."

"သဒ္ဒါနည်းမကျတာ မင်းအလုပ်မဟုတ်ဘူး"

"အေးပါ... အေးပါ"

"ငါတို့ ညနေ သုံးနာရီလောက် ရောက်မယ်။ လေဆိပ်က စောင့်ပါ၊ မင်းကိုယ်တိုင် လာကြိုပါ"

"အင်း... အင်း"

"ပြီးတော့... အသေအချာ နားထောင်။ မင်းလုပ်ရမယ့် အလုပ်က တစ်..."

စိုးအောင်သည် မြတ်သစ်ကို အသေးစိတ် ညွှန်ကြားနေ၏။ မြတ်သစ်က တအင်းအင်းနဲ့ နားထောင်နေရ၏။

တစ်ဖက်ခန်းမှလည်း မြတ်သစ်နဲ့ စိုးအောင် အဝေးပြော တယ်လီဖုန်းကို ရကော့ဒင်လုပ် အသံဖမ်းယူနေ၏။

ထိုအသံကြိုးခွေကို မြတ်သစ် ပြန်ဖွင့်၍ အသေအချာ မှတ်ယူ အကောင်အထည် ဖော်ရမည်ဖြစ်၏။

ငါးမိနစ်ကြာသောအခါ စိုးအောင် ဖုန်းချသွား၏။ မြတ်သစ် သွက်လက် ဖျတ်လတ်စွာ ထလာသည်။ အခါတိုင်း တွေ့နေကျ အူကြောင်ကြောင် ပေါက်တောက် တောက် အမူအရာတွေ မြတ်သစ်ထံမှာ မတွေ့ရ၊ တည်ငြိမ်နေ၏။

mgyoe.com